The only reason that Southeast Asia was at all pulled into the situation was the July 17, 2014 downing of Malaysia Airlines flight 17 by a Russian-made BUK surface-to-air missile that killed all 298 passengers and crew.

It defied any plausibility that irregular forces in Donbas had access to advanced missiles. Dutch investigators concluded that the missile was launched by Russian-led forces in rebel-controlled territory.

Russia continues to deny the allegations, spewing unfounded and baseless accusations that the plane was shot down by Ukrainian government forces. It has never accepted culpability or paid any restitution.

Tellingly, few in Southeast Asia showed any will to confront Russia over MH-17 or over its aggression against a state that all but Brunei had recognized since between January 1991 and June 1992.




**Rules-based order under threat**

The lack of a full-throated response from Southeast Asian capitals is striking.

At a G-20 meeting, President Jokowi spoke of the situation in Ukraine only in terms of something that could threaten the economic recovery caused by two years of a global pandemic. Indonesian Foreign Minister Retno Marsudi has spoken to Russian and Ukrainian counterparts in the past week, but has not said anything about the conversations.

Singapore issued perhaps the most forceful statement, demanding that "the sovereignty, independence, and territorial integrity of Ukraine must be respected." Vietnam, a close partner of Russia, has said nothing.

With limited economic ties, limited political engagement, and geographical distance, Russia poses little in the way of an immediate threat to Southeast Asian nations.

Indeed, for the second year in a row, Russia wasn't even mentioned in the well-respected annual ISEAS-Yusof Ishak Center survey of Southeast Asian elites, even as a potential threat to the rules-based order.

Yet, all the countries of Southeast Asia depend on international law, which is based on the concept of sovereign equality. Every country is threatened by a great power adopting a worldview based on a unilateral interpretation of shared history, language and culture.

This is not some remote conflict that has little bearing on Southeast Asian security. Attempts to upend the world order cut to the core of Southeast Asian security and prosperity. It is not a European security problem or part of Washington's Great Power Competition.

On the contrary, this is something that creates a very dangerous legal precedent, especially for an assertive country like China that has repeatedly pushed for its own interpretations of international law, most clearly in the South China Sea.

China could easily apply the logic Putin that used to annul Ukrainian sovereignty to make sweeping claims to swaths of Southeast Asia; northern Vietnam was a Chinese province for 1,000 years, and parts of Myanmar, such as the Kokang region, are dominated by ethnic Chinese – just two examples.

We have already seen China publicly warn Southeast Asian states that "there are big states and there are small states," as they threatened at a 2010 ASEAN meeting in Hanoi. There is clearly a parallel between the doctrine of limited sovereignty and China's traditional "All Under Heaven" worldview and system of tributary states.

China will deny this. But while Putin's actions may ultimately work against China's long-term diplomatic and economic interests, for now, Beijing has clearly tied itself to Russian revisionism.

Sadly, most Southeast Asian states are likely to not take sides, avoiding another conflict that they fear could cause them marginal economic harm. Most of them will not join the European Union, the United States, Australia or Japan in imposing sanctions. They do so at their own peril.

***Zachary Abuza is a professor at the National War College in Washington and an adjunct at Georgetown University. The views expressed here are his own and do not reflect the***

***position of the U.S. Department of Defense, the National War College, Georgetown University or BenarNews.***

https://www.rfa.org/english/commentaries/russia-ukraine-seasia-02232022072643.html

---------------------------------------------------------------------------------------------------

## လက်ရှိနိုင်ငံရေး အထွေထွေအကျပ်အတည်းဖြေရှင်းနိုင်ရန် အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းမှတစ်ဆင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်ဟု PPST ပြောကြား

PUBLISHED 23 FEBRUARY 2022

လက်ရှိနိုင်ငံရေး အထွေထွေအကျပ်အတည်းဖြေရှင်းနိုင်ရန် အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းမှတစ်ဆင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်ဟု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) ဦးဆောင်မှုအလုပ် အဖွဲ့ခေါင်းဆောင် နိုင်အောင်မင်းက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး(၂၄/၂၀၂၂)တွင် မိန့်ခွန်းပြောကြားရာ၌  နိုင်အောင်မင်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"လက်ရှိနိုင်ငံရေး အထွေထွေအကျပ်အတည်းဖြေရှင်းနိုင်ရေးကို အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းမှတစ်ဆင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို မိမိတို့ PPST အနေနဲ့ တတ်နိုင်တဲ့နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲ ပုံစံအသစ်ကို ဆွေးနွေးညှိနှိုင်းချမှတ်သွားမှာ ဖြစ်ပါတယ်" ဟု နိုင်အောင်မင်းက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) အစည်းအဝေး(၂၄/၂၀၂၂)တွင် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားအခင်းအကျင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးအကြို ညှိနှိုင်းဆွေး နွေးပွဲဖိတ်ကြားခြင်းကိစ္စ၊ PPST ဦးဆောင်ကျင်းပခဲ့သည့် ပြည်သူ့ညီလာခံအခြေအနေ၊ မကြာမီပြည်တွင်းသို့ လာရောက်မည့်အာဆီယံအထူးကိုယ်စားလှယ်၏ ခရီးစဉ်အနေအထားတို့ကို ဆွေးနွေးရန် စီစဉ်ထားပြီး တိကျသည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင်လာမည့် မတ်လနှောင်းပိုင်းတွင် ကျင်းပရန် ရည်ရွယ်ထားသည့် NCA-SEAO တို့၏ စတုတ္ထအကြိမ်ညီလာခံ (ဒုတိယပိုင်း) ကျင်းပမည့် နေ့ရက်ကိုလည်း အတည်ပြုနိုင်ခဲ့ပြီး ညီလာခံမတိုင်မီ အပြီးပြုလုပ်ရမည့် PPST အကြံပေးဦးဟန်ယောင်ဟွေ ဦးစီးဆောင်ရွက်နေသည့် PPSJT ၏ နိုင်ငံရေးဦးတည်ချက် ခုနစ်ရပ်ကို အခြေခံပြီး လမ်းပြမြေပုံအချောသတ်ရေးအတွက် အရေးကြီးသည့် အလုပ်ရုံဆွေးနွေးပွဲနေ့ရက်များကိုလည်း သတ်မှတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူတိုက်ပွဲများကြောင့် အတိဒုက္ခအမျိုးမျိုးကြုံတွေ့နေရသည့် ပြည်သူလူထု စစ်ဘေးရှောင်များအတွက် ထိထိရောက်ရောက် ဆက်လက်အကူအညီပေးနိုင်ရေးကိုလည်း ဆွေးနွေးပြီး သဘောထားချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်တာအတွင်း ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် လက်ရှိနိုင်ငံရေးအခြေအနေနှင့်ပတ်သက်ပြီး အဖွဲ့အစည်းအသီးသီး၏ အမြင်သဘောထားများ ဆွေးနွေးတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် အကြံပြုခြင်းများကို ဂုိုင်းဝန်းသုံးသပ်ပေးကြသည့်အတွက် ရှေ့ဆက်သွားမည့် PPST ၏ နိုင်ငံရေးလမ်းကြောင်းအတွက် များစွာအထောက်အကူဖြစ်စေကြောင်း နိုင်အောင်မင်းက ပြောကြားသည်။

ထို့ပြင် နှစ်ရက်တာအတွင်း ပြုလုပ်ခဲ့သည့်အစည်းအဝေးတွင် ပြောရေးဆိုခွင့်ပုဂ္ဂိုလ်တစ်ဦးကိုလည်း ပြန်လည်ဖြည့်စွက်ရွေးချယ်အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) စုဖွဲ့မှုပုံစံသစ် ဖြစ်ပေါ်လာနိုင်ရေးအတွက် အဆုံးအဖြတ်ပေးမည့် စတုတ္ထအကြိမ်ညီလာခံ (ဒုတိယပိုင်း) ပြီးမြောက်ရေး အတူတကွဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် တိုက်တွန်းကြောင်း PPST ဦးဆောင်မှုအလုပ်အဖွဲ့ခေါင်းဆောင် နိုင်အောင်မင်းက ပြောကြားသည်။

https://news-eleven.com/article/226291

-----------------------------------------------------------------------------------------------------

## နတ်တလင်းတိုက်ပွဲတွင် စစ်ကောင်စီတပ်က ၅ ဦး သေဆုံး

Published By DVB | 23 February, 2022

ပဲခူးတိုင်း နတ်တလင်းမြို့နယ်မှာ ဖေဖော်ဝါရီ ၂၂ ရက်နေ့မနက်ပိုင်းက စစ်ကောင်စီတပ်တွေကို ဒေသကာကွယ်ရေး ညီနောင်မဟာမိတ်တပ်ဖွဲ့တွေက ပူးပေါင်းတိုက်ခိုက်ခဲ့လို့ စစ်ကောင်စီဘက်က ၅ ယောက် သေဆုံးခဲ့တယ်လို့ နတ်တလင်း PDF တပ်ဖွဲ့ကနေ သိရပါတယ်။

နတ်တလင်းမြို့အရှေ့ဘက် ပဲခူးရိုးမနားက တောင်ညိုစခန်းကနေ စခန်းကြီးဘက်ကို စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်တွေကို ဖေဖော်ဝါရီ ၂၂ ရက် မနက် ၁၀ နာရီခွဲလောက်မှာ နတ်တလင်း PDF(Phoenix DF) တပ်ဖွဲ့နဲ့ ဇီးကုန်း PDF တို့ပူးပေါင်းပြီး မိုင်းဆွဲတိုက်ခိုက်ခဲ့တာလို့ နတ်တလင်း PDF ရဲ့ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

အခုတိုက်ပွဲဟာ နွေဦးတော်လှန်ရေးမှာ မတရားဖမ်းဆီး သတ်ဖြတ်ခံရသူတွေအတွက် သွေးကြွေးဆပ်တာဖြစ်သလို ၂ နှောက်လုံးနေ့ အထိမ်းမှတ်အဖြစ် တိုက်ခိုက်ခဲ့တာလို့ ဆိုပါတယ်။

နှစ်ဘက်တိုက်ပွဲအတွင်းမှာ ပြည်သူ့ကာကွယ်ရေး ညီနောင်မဟာမိတ်တပ်ဖွဲ့က ရဲဘော်တွေ အထိအခိုက် အကျအဆုံးမရှိဘဲ ဆုတ်ခွာနိုင်ခဲ့ကြတယ်လို့ ပြောပါတယ်။

နတ်တလင်းမြို့နယ်မှာ ဖေဖော်ဝါရီ ၁၇ ရက်နေ့ ညနေပိုင်းမှာလည်း နတ်တလင်း PDFက မိုင်းဆွဲတိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်သား ၅ ယောက်သေဆုံးခဲ့တယ်လို့ သိရပါတယ်။

နှစ်ဘက်တိုက်ပွဲတွေနဲ့ ပတ်သက်လို့တော့ ထိခိုက်သေဆုံးတဲ့ အခြေအနေကိုတော့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာ မတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/518489

-------------------------------------------------------------------------------------------

## မကွေးနှင့်နှင့် ချင်းနယ်အစပ်တွင် ၃ ရက်တာတိုက်ပွဲဖြစ်ပွား၊ စစ်ကောင်စီတပ်သား ၂၁ ဦးသေဆုံး

Published By DVB | 23 February, 2022

မကွေးတိုင်း ဆောမြို့နယ်နဲ့ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အစပ်မှာ ဖေဖော်ဝါရီ ၂၀ ရက်နေ့ကနေ ၂၂ ရက်နေ့အထိ ၃ ရက်တာတိုက်ပွဲအတွင်းမှာ စစ်ကောင်စီဘက်က ၂၁ ယောက် သေဆုံးခဲ့တယ်လို့ CDF-ကန်ပက်လက်က ပြောပါတယ်။

လောင်းရှည်မြို့ကနေ ကျင်ဒွေးမြို့ဘက်ကို စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်တွေကို CDF-ကန်ပက်လက်က မနက် ၈ နာရီမှာ တစ်ကြိမ်၊ မွန်းတည့် ၁၂ နာရီမှာ တစ်ကြိမ် စောင့်ကြိုတိုက်ခိုက်ရာ

စစ်ကောင်စီတပ်သား ၆ ယောက်သေဆုံးခဲ့တယ်လို့ CDF-ကန်ပက်လက်ရဲ့ ပြန်ကြားရေးတာဝန်ခံက ဒီဗွီဘီကို ပြောပါတယ်။

အဲဒီစစ်ကြောင်းကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာလည်း CDF-ကန်ပက်လက်နဲ့ PDF ဆောတို့ ပူးပေါင်းတိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်သား ၄ ယောက် သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် ရေရှောင်လမ်းမြက်ခင်းပြင်နားမှာ ဖေဖော်ဝါရီ ၂၂ ရက်နေ့က စစ်ကောင်စီတပ်တွေနဲ့ CDF-ကန်ပက်လက်၊ CDF-Daai နဲ့ PDF-ဆော ပူးပေါင်းမဟာမိတ်တပ်ဖွဲ့တို့ တိုက်ပွဲ အပြင်းထန်ဖြစ်ပွားကာ စစ်ကောင်စီဘက်က ၁၁ ယောက်သေဆုံးခဲ့တယ်လို့ ပြောပါတယ်။

ဒေသကာကွယ်ရေး ညီနောင်မဟာမိတ်တပ်ဖွဲ့တွေဘက်ကတော့ အထိအခိုက်အကျဆုံးမရှိဘဲ ဆုတ်ခွာနိုင်ခဲ့ကြတယ်လို့ ဆိုပါတယ်။

တိုက်ပွဲမှာ အထိနာတဲ့ စစ်ကောင်စီတပ်တွေဟာ မဆာတွီကျေးရွာက နေအိမ်တွေကို ဖောက်ထွင်းပြီး ပစ္စည်းတွေကို ခိုးယူသလို မောချောင်းရွာက ပြည်သူတွေရဲ့နေအိမ် ၄ လုံးကို မီးရှို့ဖျက်ဆီးသွားကာ ပစ္စည်းတွေကိုလည်း ဖောက်ထွင်းခိုးယူသွားတယ်လို့ ပြောပါတယ်။

နှစ်ဘက်တိုက်ပွဲတွေနဲ့ ပတ်သက်လို့တော့ ထိခိုက်သေဆုံးတဲ့ အခြေအနေကိုတော့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာ မတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/518486

---------------------------------------------------------------------------------------------------

## ကန်ပက်လက်မှာ ဒေသခံ ၁၅၀၀ ခန့် ထွက်ပြေးနေရ

2022.02.23



ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်က တိုက်ပွဲတွေကြောင့် ထွက်ပြေးနေရတဲ့ ဒေသခံနှစ်ဦးကို ၂၀၂၂၊ ဖေဖော်ဝါရီလက တွေ့ရစဉ် Photo: Chin World

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးမြို့ဘက်ကို မကွေးတိုင်းကနေ အင်အား ဖြည့်ဖို့ လာတဲ့ စစ်ကောင်စီ တပ်စစ်ကြောင်းနဲ့ CDF အဖွဲ့တို့အကြား တိုက်ခိုက်မှုတွေ ကြောင့် ကန်ပက်လက်မြို့နယ် မဆာတွီ၊ မောချောင်း၊ လှိုင်ဒုတ်ရွာ၊ ထန်းကုန်း စတဲ့ ရွာတွေအပါအဝင် ကျေးရွာ ခြောက်ရွာက ဒေသခံ ၁၅၀၀ ခန့် တောတောင်တွေထဲကို ထွက်ပြေးနေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

တိုက်ပွဲတွေဟာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကစပြီး သုံးရက်ကြာ ဖြစ်ပွားခဲ့တာလို့ ကန်ပက်လက် CDF တပ်ဖွဲ့ဝင်တစ်ဦးက ပြောပါတယ်။

**"ကျွန်တော်တို့ တိုက်ပွဲဖြစ်တာက ၂၀ ရက်နေ့က လောင်းရှည်ဘက်ကနေ ကျင်းဒွေးမြို့ ကို ရိက္ခာပို့လာတဲ့ စစ်ကား ၁၄ စီး၊ အင်းအား ၂၅၀ ခန့် ပါတဲ့ဟာကို ပြောက်ကျားနည်းနဲ့ တိုက်တာပေါ့။ တိုက်ပွဲက သုံးရက်ဖြစ်တာပေါ့။ တိုက်ပွဲ သုံးရက်မှာ ရွာပေါင်း ခြောက်ရွာ က လူဦးရေ ၁၅၀၀ လောက် နီးစပ်ရာရွာတွေနဲ့ ကျေးရွာတွေမှာ ထွက်ပြေးနေရတယ်"**

သုံးရက်ကြာ တိုက်ပွဲမှာ စစ်ကောင်စီဘက်က ၂၃ ဦး သေဆုံးပြီး CDF ဘက်ကတော့ ထိခိုက်သေဆုံးတာမရှိဘူးလို့ ဆိုပါတယ်။

ဒီပြောဆိုချက်နဲ့ ပတ်သက်လို့ RFA အနေနဲ့ သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

ဒီတိုက်ခိုက်မှုတွေကြောင့် မကွေးတိုင်း၊ လောင်းရှည်ဘက်ကနေ မဆာတို့ - ကျင်ဒွေး လမ်းကြောင်းအတိုင်း တက်လာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဟာ လက်နက်ကြီး၊ လက်နက်ငယ် တွေနဲ့ ရှင်းလင်းပစ်ခတ်တာကြောင့် အနီးအနားရှိကျေးရွာ ခြောက်ရွာက ဒေသခံတွေ ထွက်ပြေးတိမ်းရှောင်နေကြရတာလို့လည်း ဒေသခံတွေက ပြောပါတယ်။

ဖေဖော်ဝါရီ ၂၂ ရက် မနေ့က ကန်ပက်လက်မြို့နယ် မောချောင်းကျေးရွာက လူနေအိမ် လေးလုံးကို စစ်ကောင်စီတပ်သားတွေက မီးရှို့ဖျက်ဆီးခဲ့ပြီး မဆာတို့ကျေးရွာမှာရှိတဲ့ နေအိမ်တွေကို မွှေနှောက်ရှာဖွေပြီး အိမ်တွင်းပစ္စည်းတွေကို ယူဆောင်သွားကြတယ်လို့ ကန်ပလက်မြို့ ဒေသခံတွေက ပြောပါတယ်။

လက်ရှိမှာတော့ တောတောင်တွေထဲ ထွက်ပြေးတိမ်းရှောင်နေကြရတဲ့ ဒေသခံတွေဟာ နေထိုင်စားသောက်ရေးအတွက် အခက်အခဲ ကြုံနေကြရတယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

ဒီတိုက်ခိုက်မှုတွေနဲ့ပတ်သက်လို့ စစ်ကောင်စီ ပြောခွင့်ရသူ ပြန်ကြားရေး ဒုဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းကို RFA က ဆက်သွယ်မေးမြန်းဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။

https://www.rfa.org/burmese/news/1500-people-are-fleeing-in-kanpetlet-02232022044525.html

---------------------------------------------------------------------------------------------------

## အလှမယ် သင်းသင်းအား ဧည့်စာရင်းအကြောင်းပြ ဝင်ရောက်ဖမ်းဆီး

By ဧရာဝတီ | 23 February 2022

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ အလှမယ်သင်းသင်းကို စစ်ကောင်စီတပ်ဖွဲ့များက ဧည့်စာရင်းစစ်မည်ဟု ဆိုကာ ယမန်နေ့ည ၁၁နာရီခန့်က ဝင်ရောက်ဖမ်းဆီးသွားသည်။

အရပ်ဝတ်ဖြင့် လက်နက်ကိုင်များ၊ အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များပါ လူတစုက သင်းသင်း၏ နေအိမ်တံခါးကို ကြမ်းတမ်းစွာ ခေါက်ကာ ဖွင့်ခိုင်းခြင်းကို အလှမယ်သင်းသင်းက Facebook တွင် Live လွှင့်ကာ ပြသနေစဉ် ဖုန်းကို လုယူကာ လူကိုဖမ်းဆီးသွား ကြောင်းသိရသည်။

“လောလောဆယ် သူ့အမေက ရန်ကုန်မှာ သင်းသင်းနဲ့အတူ နေတယ်။ မသင်းကတော့ ပါသွားတယ်။ ဖြစ်စဉ်ကတော့ သူ့ Live မှာ လွှင့်သွားသလိုပဲ ဧည့်စာရင်း လာစစ်မယ် ဆိုပြီး ဖမ်းသွားတယ်။ ဖုန်းကို ယူပြီးတော့ လူကို ချုပ်ပြီး ဖမ်းသွားတယ်။ စစ်မေးစရာ ရှိတယ်။ ဘာမှ မဖြစ်စေရဘူးလို့ ပြောပြီး ခေါ် သွားတယ်။ အဝတ်အစား ၅ စုံ၊ ၆ စုံလောက် မိသားစုတွေက ထည့်ပေး လိုက်တယ်” ဟု သင်းသင်း၏ မိတ်ဆွေက ဧရာဝတီကို ပြောသည်။

သင်းသင်း တယောက်တည်းအား ဖမ်းဆီးသွားခြင်းဖြစ်ပြီး မည်သည့်နေရာသို့ ခေါ်ဆောင်သွား သည် ကို မိသားစုဝင်များ မသိရသေးဟု ဆိုသည်။

ညအချိန် တံခါးခေါက်ကာ နောက်ယှက်မှုကို သင်းသင်းအနေဖြင့် ယခင်ဇူလိုင်လအတွင်းက ပထမ အကြိမ် ကြုံခဲ့ရပြီး ထိုစဉ်က ရိုက်နက်ခံခဲ့ရသဖြင့် ယခုအကြိမ်တွင် Live လွှင့်ကာ သက်သေ အနေဖြင့် မှတ်တမ်းယူခြင်းဖြစ်သည်။

သင်းသင်းက“ကျမ ပထမတခေါက်မှာတုန်းကလည်း ကြုံပြီးသွားလို့ပါ။ ၇ လပိုင်း ၁၆ ရက်နေ့ ည ၁၀ နာရီခွဲမှာ ကျမအိမ်ကို ယူနီဖောင်းမပါဘဲ လူ ၅ ယောက် ဝင်လာတယ်။ အဲ့တုန်းကလည်း ကျမမှာ တယောက်တည်း ဖွင့်ပေးလိုက်တယ်။ အဲ့မှာ လူကို ၂ ချက် ရိုက်ပြီးတော့ မိုးလင်းမှ ပြန်သွားတယ်။ ဖွင့်ပေးလိုက်မိတာက ကျမ အမှားပေါ့၊ ခြိမ်းခြောက်တယ်၊ ဒီလိုပဲ ၁ နာရီခွဲ ကျော်တဲ့အချိန်မှာ တံခါးကို ဖွင့်မှာလား၊ မဖွင့်ဘူးလားဆိုပြီး တံခါးကို ရိုက်ဖွင့်တယ်” ဟု Live တွင် ပြောဆိုထားသည်။

အဆိုပါ ဧည့်စာရင်း လာစစ်သူများက သင်းသင်းအား တာဝန်အရ စစ်ဆေးခြင်းသာဖြစ်ပြီး၊ ကြည်ဖြူစွာ တံခါးဖွင့်ပေးရန် ပြောကြားခဲ့သော်လည်း ယင်းနောက် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်သည်။

တရားလွှတ်တော် ရှေ့နေတဦးက "လူတယောက်ကို ဖမ်းဆီးမယ်ဆိုရင် ခိုင်လုံတဲ့ အကြောင်းပြချက် ရှိရမယ်။ ဧည့်စာရင်း စစ်တယ် ဆိုလည်း ဧည့်စာရင်း တိုင်ထားတာ မရှိဘူးဆိုရင် မရှိတာနဲ့ပဲ အရေးယူလို့ ရတယ်။ ဒါက သင်းသင်းမှ မဟုတ်ဘူး။ အရှေ့မှာလည်း ဒီလိုမျိုး အတင်းအဓမ္မ ဖမ်းဆီးတာတွေ ခံရတယ်။ ဒါက ဥပဒေမဲ့ လုပ်ရပ်လို့ပဲ မြင်တယ်"ဟု ဧရာဝတီကို သုံးသပ် ပြောသည်။

ဟန်ငြိမ်းဦး အမည်ခံ တယ်လီဂရမ်အကောင့်မှ သင်းသင်းအား NUG၊ CRPH စသည့် အဖွဲ့အစည်းများ ကို ထောက်ခံ အားပေးခြင်း၊ CDM ဝန်ထမ်းများကို အားပေးအားမြှောက်လုပ်ခြင်း၊ ဆန္ဒပြပွဲများတွင် ကိုယ်တိုင်ပါဝင်ခြင်းနှင့် အာဏာသိမ်း စစ်ခေါင်းဆောင် မင်းအောင်လှိုင်၏ ပုံကို ဖောက်ထိုးပုံ တင်ကာ ဆဲဆိုခြင်း စသည့် လုပ်ရပ်များ ပြုလုပ်ခြင်းကြောင့် ယခုလို ဖမ်းဆီးရန် လှုံ့ဆော်ခဲ့သည်ဟု ဆိုသည်။

အလှမယ်သင်းသင်းသည် သရုပ်ဆောင်ဝေဠုကျော်အား ကာမလိမ်လည်မှုဖြင့် ၂၀၁၉ နှစ်ကတည်းက တရားစွဲထားရာ ယနေ့တိုင် မပြီးပြတ်သေးဘဲရှိချိန် ကျပ် သိန်း ၅၀တန် အာမခံဖြင့် ပြင်ပတွင် နေထိုင် နေသည့် ဝေဠုကျော်မှာ ယမန်နေ့က မင်္ဂလာဆောင်ခဲ့သလို ထိုနေ့မှာပင် တိုက်ဆိုင်စွာ အလှမယ် သင်းသင်းအား စစ်ကောင်စီက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်ထိ သင်းသင်းအား မည်သည့် ပုဒ်မဖြင့် ဖမ်းဆီးသွားသည်ကို စစ်ကောင်စီဘက်မှ သတင်း တစုံတရာ ထုတ်ပြန်ခြင်း မရှိသေးပေ။

https://burma.irrawaddy.com/news/2022/02/23/250110.html

------------------------------------------------------------------------------------------------

## လေယာဉ်ပုံးကြဲတိုက်ခိုက်မှုကြောင့် KNDF ၁ ဦးကျဆုံး၊ ရွာသား ၂ ဦး ဒဏ်ရာရ

Published By DVB | 23 February, 2022



ကယား(ကရင်နီ)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်မှာ စစ်ကောင်စီတပ်က လေကြောင်းနဲ့ ပုံးကြဲ တိုက်ခိုက်ခဲ့တာကြောင့် ကရင်နီ KNDF တပ်ဖွဲ့ဝင် ၁ ဦးကျဆုံးပြီး ၆ ဦး ဒဏ်ရာရှိခဲ့ပါတယ်။

စစ်ကောင်စီတပ်တွေရဲ့ ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့် ဖေဖော်ဝါရီ ၂၂ ရက်က ကရင်နီပူးပေါင်းတပ်တွေနဲ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် နန်းမယ်ခုံကျေးရွာအနီး ဆင်မတောင်အနီးကို စစ်ကောင်စီတပ်က လေယာဉ်နဲ့ မနေ့ ၁ နာရီလောက်မှာ ပုံးကြဲ တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။

လေကြောင်းတိုက်ခိုက်မှုကြောင့် KNDF တပ်ရင်း ၅ က တပ်ဖွဲ့ဝင်တဦး သေဆုံးခဲ့ရပြီး ၆ ဦး ဒဏ်ရာရှိခဲ့ကာ ကျဆုံးသွားတာလို့ တပ်ဖွဲ့ဝင်တဦးက ပြောပါတယ်။

"အဲဒီဆင်မတောင် ဟန်သောခူ အဲဒီရွာနားလေးမှာ ကျနော်တို့ကို လေယာဉ်နဲ့ လာကြဲသွားတာ။ လာကြဲပြီးတော့မှ ကျနော်တို့ တပ်သားတယောက် ကျသွားတယ်။ ကျနော်တို့ အခုထိသူ့ရဲ့ အလောင်းကောက်လို့ မရသေးဘူး။"

အဲဒီတိုက်ပွဲမှာ စစ်ကောင်စီဘက်က ၃ ယောက် သေဆုံးက အများအပြား ဒဏ်ရာရရှိခဲ့တယ်လို့လည်း ပြောပါတယ်။

ဒီကနေ့မှာလည်း မိုးဗြဲကနေဆင့် ဒီးမော့ဆိုမြို့နယ်ဘက်ကို စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်နဲ့ ကရင်နီပူးပေါင်းတပ်တွေအကြား ဆက်လက်တိုက်ပွဲဖြစ်ပွားနေပါတယ်။

ဒီမနက် ၈ နာရီဝန်းကျင်လောက်က  မိုးဗြဲမြို့ အခြေစိုက် (၄၂၂)တပ်က ဖယ်ခုံမြို့နယ်ရှိ ကဖုရွာကို လက်နက်ကြီးနဲ့ ၆ ချက် ပစ်ခတ်ခဲ့တဲ့အတွက် ကဖုကျေးရွာနေ အသက်  ၇၂ အရွယ် ဦးအန်းဂျေလိုနဲ့ အသက် ၁၄ နှစ်အရွယ် မကယ်ရီမင်း ထိခိုက်ဒဏ်ရာရတယ်လို့ ဖယ်ခုံ PDF က ထုတ်ပြန်ပါတယ်။

ဒါ့အပြင် စစ်ကောင်စီတပ်က ဖယ်ခံအရှေ့ဘက်ခြမ်းမှာရှိတဲ့ နန်းစံခမ်းရွာကို ဒီကနေ့ မီးရှို့နေတယ်လို့ ဒေသကာကွယ်ရေးတပ်တွေကဆီကနေ သိရပါတယ်။

ရှမ်းကယားနယ်စပ်  မိုးဗြဲမှာ တိုက်ပွဲရက်ဆက်ဖြစ်ပွားနေတာ တပတ်ရှိနေပြီဖြစ်ပြီး သောင်းနဲ့ချီတဲ့ ပြည်သူတွေ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

ဒီရက်ပိုင်းမှာတော့  မိုးဗြဲမြို့နယ်နဲ့ ထိစပ်နေတဲ့ ဒီးမော့ဆိုနဲ့ ဖယ်ခုံမြို့နယ်တွေမှာ ဆက်လက်ပြီး တိုက်ပွဲဖြစ်ပွားနေတာဖြစ်ပါတယ်။

ဒီတိုက်ပွဲကြောင့် ဒီးမော့ဆိုမြို့နယ်က စစ်ရှောင်နေကြတဲ့ ပြည်သူဟာ နေရာ ထပ်မံရွှေ့ပြောင်းနေကြရပြီး အရေးအပေါ် စားဝတ်နေရေးနဲ့ အမိုးအကာတွေ လိုအပ်နေပါတယ်။

https://burmese.dvb.no/archives/518583

-----------------------------------------------------------------------------------------------

## ဒီးမော့ဆို မြို့နယ်တွင်း တိုက်ပွဲ စစ်ကောင်စီတပ်သား ၁၀ ဦးထက်မနည်း သေဆုံး၊ တိုက်ပွဲ ဆက်ပြင်းထန်နေ

By မဇ္ဈိမ | 23 February 2022



ကရင်နီပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် လီဝိုးကျေးရွာအနီး တိုက်ပွဲ၌ စစ်ကောင်စီ တပ်သား ၁၀ ဦးထက် မနည်း သေဆုံးပြီး ယနေ့ ဖေဖော်ဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင်လည်း တိုက်ပွဲ ဆက်လက် ပြင်းထန်နေကြောင်း ဒီးမော့ဆို PDF တပ်ဖွဲ့ဝင်က ပြောသည်။

ယမန်နေ့က ဖြစ်ပွားသည့် လီဝိုးကျေးရွာအနီးနှင့် ဝီသဲကူးကျေးရွာ တိုက်ပွဲတွင် စစ်ကောင်စီ တပ်သား ၁၀ ဦးထက် မနည်း သေဆုံးခဲ့ခြင်း ဖြစ်သည်။

" မနေ့ကတော့ တိုက်ပွဲက တစ်နေကုန်ပဲ။ နေရာကတော့ အနံ့မှာ ဖြစ်နေတာ။ ညနေမှာတော့ လေယာဉ်တွေနဲ့ လာပစ်တယ်။ အဓိက ရင်ဆိုင်တိုက်ပွဲ ဖြစ်တဲ့ နေရာမှာတော့ စစ်ကောင်စီတပ်တွေ ၁၀ ဦးထက်မနည်း သေတယ်လို့ ပြောလို့ရတယ်။ ဒီနေ့ မနက်ပိုင်း ကတည်းက အဲ့ဒီရွာတွေ အနီးမှာ တိုက်ပွဲ ပြင်းထန်နေတယ်။ အခြေအနေ အသေးစိတ်တော့ မသိရသေးဘူး" ဟု ဒီးမော့ဆို PDF တပ်ဖွဲ့ဝင်က ပြောသည်။



စစ်ကောင်စီ တပ်များက ယမန်နေ့ တိုက်ပွဲ၌ ညနေ ၃ နာရီ ဝန်းကျင်တွင် ရဟတ်ယာဉ် တစ်စီးဖြင့် ငါးကြိမ်ခန့် ပစ်ကူ တိုက်ခိုက်ခဲ့သည့် အပြင် ညနေ ၄ နာရီတွင် တိုက်လေယာဉ် နှစ်စီးဖြင့် ခုနစ် ကြိမ်ထက် မနည်း ဗုံးကြဲ တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ယနေ့ နံနက်တွင်လည်း နမ့်မယ်ခုံ အရှေ့နှင့် အနောက်မှ အင်အား အလုံးအရင်းဖြင့် စစ်ကြောင်းနှစ်ခု ထိုးလာသည့် အကြမ်းဖက် စစ်ကောင်စီ တပ်ဖွဲ့များကို ပြည်သူ့

ကာကွယ်ရေးတပ်-ဒီးမော့ဆို (DMO-Local PDF)၊ လွိုင်ကော် (PDF )၊ KNDF၊ KA နှင့် အခြားတော်လှန်ရေးတပ်ဖွဲ့များ ပူးပေါင်းကာ နံနက် အစောပိုင်းကစ၍ ခုခံတိုက်ပွဲ ဆင်နွှဲနေသည်ဟု သိရသည်။

" တိုက်ပွဲက ပိုပြင်းထန်ဖို့ပဲရှိ တယ်။ ဒေသခံသောင်းချီ ထွက်ပြေးနေရတယ်။ ပြည်သူတွေလည်း တော်တော် ဒုက္ခရောက်ကြတယ်။ အကုန်သတိနဲ့ နေကြဖို့လည်း ပြောထားရတယ်" ဟု PDF တပ်ဖွဲ့ဝင် တစ်ဦးက ဆိုသည်။

ဒီးမော့ဆိုမြို့နယ်နှင့် မိုးဗြဲမြို့နယ်တို့တွင် ဖေဖော်ဝါရီလ ၁၆ ရက်မှ စတင်ကာ ယနေ့အထိ တိုက်ပွဲများ ပြင်းထန်နေပြီး အကြမ်းဖက် စစ်ကောင်စီတပ်၏ မိုးဗြဲ အခြေစိုက် (ခမရ-၄၂၂ )တပ်၊ လွိုင်ကော် အခြေစိုက် (ခလရ-၂၅၀) တပ် နှင့် ဒီးမော့ဆို အခြေစိုက် (ခမရ-၄၂၇) တပ်တို့က တာဝေးပစ် အမြောက်များဖြင့် နေ့စဉ်ရက်ဆက် ပစ်ခတ်နေသည်ဟု ဆိုသည်။

https://www.mizzimaburmese.com/article/100207

---

## ရှမ်း-ကယား နယ်စပ်မှာ တိုက်ပွဲတွေပြင်းထန်

23 ဖေဖော်ဝါရီ၊ 2022

ရှမ်း-ကယားနယ်စပ် ဒီးမော့ဆိုမြို့နယ်နဲ့ မိုးဗြဲမြို့နယ်တွေမှာ ဒေသခံပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တွေနဲ့ စစ်ကောင်စီတို့အကြား တိုက်ပွဲတွေ ဒီကနေ့အထိ ပြင်းထန်နေပါတယ်။ တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က လေကြောင်းသုံးတိုက်ခိုက်တာတွေပါ ရှိခဲ့ပါတယ်။ ဒီအကြောင်း ရန်ကုန်က ပေးပို့တဲ့ သတင်းကို မဆုမွန်က တင်ပြပေးထားပါတယ်။

ဖေဖော်ဝါရီ ၂၃ ရက်နေ့ ဒီကနေ့မှာ ရှမ်း-ကယားနယ်စပ်ဖြစ်တဲ့ ဒီးမော့ဆိုမြို့နယ် နဲ့ မိုးဗြဲမြို့နယ်တွေမှာ ၃ နေ့ရက်ဆက်မနည်း တိုက်ပွဲပြင်းထန်ဖြစ်ပွားနေပါတယ်။ ဒီနေ့မနက်အစောပိုင်းကတည်းက ပစ်ခတ်သံတွေ ကြားနေရတယ်လို့ တိုက်ပွဲအနီးအနား ဒေသခံတဦးက ပြောပါတယ်။

“တိုက်ပွဲကတော့ အဓိကတော့ လီဝိုးရယ်၊ ဝါရီဆူးဖလိုင်ရယ်၊ ဝီသဲကူးရယ်။ တိုက်ပွဲကတော့ ပြီးခဲ့တဲ့ ၄ ၊ ၅ ရက်လောက် ကတည်းက စဖြစ်နေတာပေါ့နော်၊ အခုချိန်ထိပဲ။ ဒီနေ့လည်း မနက်မိုးမလင်းခင်ကတည်းက စပစ်နေတာပေါ့နော်။ စောနအထိကတော့ လက်နက်ကြီးတွေဘာတွေနဲ့ ပစ်ခတ်တာမျိုးတော့ ဒီအထိတော့ ကြားနေရတယ်ဗျဟုတ်။”

တိုက်ပွဲဧရိယာအတွင်းက ကျေးရွာ ၁၆ ရွာထက်မနည်း အိုးအိမ်စွန့်ခွာကြပြီး ဘေးလွတ်ရာကို ရှောင်တိမ်းနေကြရတယ်လို့ ဒေသခံတွေကပြောပါတယ်။ စစ်တပ်ဘက်က လေကြောင်းသုံးတိုက်ခိုက်တာတွေပါ ရှိတာကြောင့် ကျေးရွာတွေထဲအထိ လေကြောင်းက ဗုံးဆန်တွေ ကျရောက်ခဲ့တယ်လို့ ဒေသခံတွေကပြောပါတယ်။

“တိုက်ပွဲစတဲ့ ရက်မတိုင်းခင်ကတည်းက (ဒေသခံတွေ)သူတို့ စစ်ရှောင်ကြတာပေါ့နော်။ နောက်တိုက်ပွဲဖြစ်ပြီးတော့ တိုက်ပွဲဖြစ်တဲ့ အနီးကပ်ကျေးရွာတွေတော့ တော်တော်လေးရှောင်ကြတယ်ဗျ ဟုတ်။ ကျေးရွာပေါင်းတော့ ၁၅ ရွာ ၁၆ ရွာလောက်ရှိတယ်ဗျ။ လေကြောင်းနဲ့ကတော့ နေ့တိုင်းလိုလိုတိုက်ခိုက်တာပေါ့နော်။ မနေ့က ဆိုလည်း ကျေးရွာတွေထဲမှာ သူတို့ သွားသွားပြီး ဗုံးကြဲတိုက်ခိုက်တာမျိုးရှိတယ်ဗျ။ အဓိကတော့ သူတို့ လက်နက်ကြီးဇော်ရယ်၊ နောက်တိုက်လေယာဉ်တွေနဲ့ ရဟတ်ယာဉ်တွေနဲ့ အဲ့လိုမျိုး ဗုံးကြဲတာများတဲ့အခါကျတော့ ဒေသခံတွေက အကုန်လုံး ကြောက်ကြပြီးတော့ တိမ်းရှောင်နေရတာလည်း ပိုများတယ်ဗျ။”

ဒီကနေ့မှာတော့ ဒီးမော့ဆိုမြို့နယ်ထဲက လီဝိုးကျေးရွာနဲ့ ဆင်တောင်ကျေးရွာတွေမှာ တိုက်ပွဲပြင်းထန်နေသလိုအဲ့ဒေသနဲ့ မနီးမဝေးဖြစ်တဲ့ မိုးဗြဲမြို့နယ် ဝီသဲကူးကျေးရွာတဝိုက်မှာလည်း

တိုက်ပွဲတွေဖြစ်နေကြောင်းဒီးမော့ဆိုမြို့နယ် ပြည်သူ့ ကာကွယ်ရေးတပ် တာဝန်ရှိသူတဦးက ဗွီအိုအေကို အတည်ပြုပြောဆိုပါတယ်။

"တိုက်ပွဲကျတော့ ၂နေရာ ၃နေရာလောက်တော့ရှိတယ်။ တိုက်တာကတော့ အပြင်းထန်တဲ့နေရာရှိတယ်။ နောက်ပြီးတော့ ကွက်ကျားတိုက်တဲ့နေရာတွေရှိတယ်ပေ့ါနော်။ ဒီးမော့ဆိုမြို့နယ်နဲ့ ရှမ်း-ကယားနယ်စပ်ဘက်မှာလေး မိုးဗြဲမြို့နယ် ဝီသဲကူးဒေသဘက်မှာ ဟိုမှာ ဖြစ်တာများတယ်ပေ့ါနော်။ ဒီဆင်တောင်အုပ်စုပေ့ါနော်။ လီဝိုးကျေးရွာမှာ ဖြစ်မယ်။ နောက် ဒီဆင်တောက်မှာ ဖြစ်မယ်။ နောက်ပြီးတော့ အောက်ဘက်ကျတော့ ဝီသဲကူးကျေးရွာဘက်မှာ ဖြစ်မယ်ပေ့ါနော်။ ၂နေရာ ၃နေရာဖြစ်တယ်ပေ့ါ။ ဒီမနက်တိုင်း တိုက်ပွဲဖြစ်တယ်။ လက်နက်ကြီးလည်း ထုတယ်လေး စစ်ကောင်စီဘက်က။ ဟို (ဖေဖော်ဝါရီ) ၁၆ ရက်ကနေစဆိုရင် ၇ ရက်လောက် ဖြစ်နေပြီး။ ၇ ရက် ဆက်တိုက်ပဲပေ့ါနော် တိုက်လေယာဉ်နဲ့ ရက်တိုင်းလာတယ် မလာတဲ့ ရက်မရှိဘူး တိုက်လေယာဉ်က။"

အခုတိုက်ပွဲဖြစ်နေတဲ့နေရာတွေဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၆ ရက်နေ့ကတည်းက ရက်ဆက်ဆိုသလိုဖြစ်ခဲ့တာပါ။ အခုရက်ပိုင်းမှာတော့ တနေကုန်နီးပါး ပြင်းပြင်းထန်ထန်တိုက်ပွဲတွေဖြစ်လာတယ်လို့သိရပါတယ်။ တိုက်ပွဲတွေကြောင့် စစ်ပြေးဒုကၡသည် သောင်းဂဏန်းချီသွားပြီလို့ ဒီးမော့ဆိုမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ် တာဝန်ရှိသူက ပြောပါတယ်။

"ဒီ ၂ ရက် ၃ ရက်ထဲမှာက အရပ်သားက စစ်ဘေးရှောင်သွားတာ သောင်းဂဏန်းနီးနီးလောက်တော့ ရှိမယ်ဗျနော်။ သူတို့ ဒုက္ခသည်တအားရောက်သွားတယ်။ သူတို့ လက်နက်ကြီးကျလို့ ဒီတိုင်းပဲ လူလွတ် ထွက်ပြေးလာတာ ရှိတယ်လေး။ ပစ္စည်းတွေဘာတွေလည်း မသယ်အားဘူးပေ့ါ။ အဲ့လိုမျိုးကျနော်တို့ PDF တွေကလည်း တစ်ဖက်က တိုက်ပွဲတွေ တဖက်ကလည်း စစ်ဘေးရှောင်ကို ကျနော်တို့ ဘေးလွတ်ရာကို ဆွဲထုတ်ရ အဲ့လိုမျိုးပေ့ါ။ ရက်တိုင်းရက်တိုင်း နေ့တိုင်းညတိုင်း အဲ့လိုလုပ်နေရတယ်။ စစ်ဘေးရှောင်လည်း မကုန်နိုင်သေးဘူးပေ့ါနော်။"

စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကတော့ မနေ့က ဖယ်ခုံမှာ ဖြစ်ခဲ့တဲ့ တိုက်ပွဲနဲ့ ပတ်သက်လို့ ဗွီအိုအေကို အတည်ပြုပြောဆိုပေမယ့် မိုးဗြဲတိုက်ပွဲတွေမှာ လေကြောင်း တိုက်ခိုက်မှုနဲ့ပတ်သက်လို့ မပြောပါဘူး။

"ဖယ်ခုံဘက်မှာတော့ ၂၂ ရက်နေ့လောက်မှာ ကသဲရွာနားလေးမှာ ကျနော်တို့ ပစ်ခတ်တိုက်ခိုက် ခဲ့တာရှိတယ်။ ပြီးရင် ..... ကျေးရွာနားလေးမှာ နန်းဖဲခုံကျေးရွာရဲ့အနားတဝိုက် .....တောင်ကျေးရွာနားမှာ KNPP နဲ့ အကြမ်းဖက် ၁၀၀ လောက်က လုံၿခံဳေရးယူေနေတဲ့စစ်ကြောင်းကို လာရောက်ပစ်ခတ်တိုက်ခဲ့တာ ရှိတယ်။ ကျနော်တို့ဆီက စစ်သည်တချို့ဒဏ်ရာရှိခဲ့တာ ရှိတယ်။"

အိုးပစ်အိမ်ပစ် အသက်လု ရှောင်ပြေးနေကြရတဲ့ ဒုက္ခသည်တွေအတွက် စားရေးသောက်ရေးအပြင် နေရာထိုင်ခင်း၊ အဝတ်အထည်နဲ့ စောင်တွေလည်း အကူအညီလိုအပ်နေတယ်လို့ စစ်ဘေးဒုက္ခသည်တွေက ပြောဆိုကြပါတယ်။

[https://burmese.voanews.com/a/myanmarviolence-kayahfighting-voaburmese-ရှမ္း-ကယားနယ္စပ္-ဒီးေမာ့ဆို-မိုးၿဗဲ-စစ္ေကာင္စီ-တိုက္ပြဲ-ဗီြအိုေအ/6455327.html](https://burmese.voanews.com/a/myanmarviolence-kayahfighting-voaburmese-ရှမ္း-ကယားနယ္စပ္-ဒီးေမာ့ဆို-မိုးၿဗဲ-စစ္ေကာင္စီ-တိုက္ပြဲ-ဗီြအိုေအ/6455327.html)

-----------------------------------------------------------------------------------------------

## မိုးဗြဲမှာ စစ်ကောင်စီတပ် ဘာကြောင့်ထိုးစစ်ဆင်နေသလဲ

By ရောဝတီ | 23 February 2022

အာဏာသိမ်းစစ်ကောင်စီတပ်များသည် ရှမ်း-ကယားနယ်စပ်အနီးရှိ မိုးဗြဲ မြို့ဝန်းကျင်သို့ ခြေလျင်တပ်၊ သံချပ်ကာကား၊ လေကြောင်းနှင့် အမြောက်ပစ်ခတ်မှုတို့ အပြည့်အဝသုံးကာ အင်အားအလုံးအရင်းဖြင့် ၇ ရက်ဆက်တိုက် ထိုးစစ်ဆင်နေသည်။

တိုက်ခိုက်မှုများမှာ အတော်ပင်ပြင်းထန်ပြီး စစ်ကောင်စီတပ်နှင့် ကရင်နီမဟာမိတ်ပူးပေါင်းတပ်များ ၂ ဘက်စလုံး ထိခိုက် ကျဆုံးမှု များပြားသည်။ စစ်ကောင်စီတပ်များသည် ဖေဖော်ဝါရီလ ၁၆ ရက်မှ စတင်ကာ မိုးဗြဲမြို့ဝန်းကျင်ကို တပ်ဖွဲ့ဝင် အင်အား ၂၀၀ စီပါသည့် စစ်ကြောင်း ၃ ကြောင်းဖြင့် ထိုးစစ်ဆင်တိုက်နေခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၂၂ ရက်တွင်လည်း မိုးဗြဲမြို့နယ်ဝန်းကျင်တွင် တိုက်ပွဲများ ဆက် ဖြစ်နေကြောင်း အာဏာသိမ်းမှုဆန့်ကျင်ရေး ကရင်နီလက်နက်ကိုင်တပ်ဖွဲ့တခုဖြစ်သည့် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ထံမှ သိရသည်။

"တိုက်ပွဲပြင်းပြင်းထန်ထန်ဖြစ်နေတုန်းပါပဲ။ ထိခိုက်ကျဆုံးမှုတွေက ခန့်မှန်းလို့တော့ မရသေးဘူး။ ဒါက လက်ရှိအခြေအနေပါ" ဟု KNDF ပြောခွင့်ရ ဗိုလ်မျက်မှန်က ဧရာဝတီသို့ ပြောသည်။



မြန်မာစစ်တပ်က လေကြောင်းထောက်ကူပါ ပေးသည်/ KNDF

အလားတူ မိုးဗြဲမြို့နယ်တောင်ဘက် နန်းမယ်ခုံမြို့ဝန်းကျင်ရှိ လွိုင်နန်းဖတောင်ခြေတွင်လည်း အာဏာသိမ်းစစ်ကောင်စီ တပ်အင်အား ၂၀၀ ကျော်သည့် စစ်ကြောင်းထိုးဝင်လာသဖြင့် ကရင်နီမဟာမိတ်ပူးပေါင်းတပ်များနှင့် တိုက်ပွဲဖြစ်နေကြောင်း သိရသည်။

အာဏာသိမ်းမှုဆန့်ကျင်ရေး ကရင်နီလက်နက်ကိုင်တပ်ဖွဲ့တခုဖြစ်သည့် ကရင်နီဒီမိုကရက်တစ်တပ်ဦး KDF ပြောရေးဆိုခွင့်ရှိသူတဦးကလည်း "မနေ့ကတည်းက တိုက်ပွဲ ဖြစ်နေတာပါ။ အဲဒီဘက်က စစ်ရှောင်တွေ များတယ်လေ။ များတော့ အဲဒီဘက် စစ်ရှောင်တွေရှိတဲ့ ဘက်ကို လှည့်ပြီး စစ်ကြောင်းထိုးတဲ့ပုံစံလုပ်တာပေါ့။ အခုက မိုးဗြဲကနေပတ်ပြီးတော့ နောက်ထပ် တကြောင်းထိုးတာပေါ့။ သူတို့ကလည်း ကျနော်တို့ရဲ့ အားနည်းချက်ကို လိုက်ရှာပြီး ထိုးတာပေါ့။ ပြည်သူတွေရှိတဲ့နေရာဆိုရင် အားနည်းချက်လို့ ယူဆပြီး ထိုးတာပါ" ဟု ဧရာဝတီသို့ ပြောသည်။

ဖေဖော်ဝါရီလ ၂၂ ရက် မွန်းလွဲပိုင်းတွင်လည်း စစ်ကောင်စီတပ်များဘက်က တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် ၂ ကြိမ်ထက်မနည်း လာရောက်ပစ်ခတ်သွားသေးကြောင်း ၎င်းက ဆိုသည်။

လွန်ခဲ့သည့် ၆ ရက်ခန့်ကမှ မိုးဗြဲမြို့နှင့် ပိုမိုနီးစပ်သော နေရာများတွင် တိုက်ပွဲအပြင်းအထန်ဖြစ်ခဲ့ကြောင်း ကရင်နီမဟာမိတ် ပူးပေါင်းတပ်များထံမှ သိရသည်။ အဓိကအားဖြင့် ရှမ်း- ကယားနယ်စပ် မိုးဗြဲမြို့မြောက်ဘက် ဟိုက်ကွီဆည်နှင့် ဝါရီဆူးဖလိုင်ရွာဝန်းကျင်တွင် တိုက်ပွဲအပြင်းအထန်ဖြစ်ခဲ့သည်။

မိုးဗြဲမြို့မှ စစ်ကြောင်း ၂ ကြောင်း၊ လွိုင်ကော်မြို့ဘက်မှ စစ်ကြောင်း ၁ ကြောင်း စုစုပေါင်း စစ်ကြောင်း ၃ ကြောင်းဖြင့် စစ်ကောင်စီဘက်က စစ်ထိုးခဲ့ခြင်းဖြစ်ကြောင်း KNDF ၏ ထုတ်ပြန်ချက်အရသိရသည်။

စစ်ကောင်စီတပ်ဘက်က စစ်ကြောင်းထိုးနေစဉ်အတွင်း မိုးဗြဲ၊ လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့တို့ရှိ စစ်ကောင်စီ အခြေစိုက်တပ်ရင်းများမှ ၁၂၀ မမ ဟောင်ဝစ်ဇာ၊ ၈၀ မမ အမြောက်ဟု ယူဆရသည့် လက်နက်ကြီးများဖြင့် တနေ့လျှင် အကြိမ် ၁၀၀ ခန့်ပစ်ခတ်ခဲ့ကြောင်း ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၁ ရက်အထိ ဆိုပါက အကြိမ် ၅၀၀ ကျော် ပစ်ခတ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့အပြင် စစ်ကောင်စီဘက်က ၅ ရက်အတွင်း တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်ပစ်ခတ်မှုပေါင်း ၂၁ ကြိမ်ပြုလုပ်ခဲ့ကြောင်း KNDF က ဆိုသည်။ ၅ ရက်တာကာလအတွင်း ကရင်နီမဟာမိတ်ပူးပေါင်းတပ်များက စစ်ကောင်စီ၏ သံချပ်ကာကား ၂ စီးနှင့်လက်နက်ခဲယမ်း ထောက်ပို့ကား ၃ စီးတို့ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း KNDF ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ကောင်စီဘက်က လေကြောင်းမှတဆင့်၊ လေထီးတပ်သားများနှင့် လက်နက်ခဲယမ်းများ ပို့ဆောင်အားဖြည့်မှုရှိခဲ့ပြီး စစ်ကောင်စီဘက်က ကြဲလိုက်သည့် ၇၅ မမ ပုံးသီးများအား ကရင်နီမဟာမိတ်ပူးပေါင်းတပ်များက သိမ်းဆည်းမိသည်လည်း ရှိသည်။



ဒဏ်ရာရသူကို ကယ်ထုတ်လာသော ကရင်နီပီဒီအက်ဖ်တပ်ဖွဲ့ဝင်များ/ KNDF

တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က မိုးဗြဲမြို့နယ် ဝါရီးဆူးဖလိုင်ရွာနှင့် ဝီသဲကူးရွာတို့မှ နေအိမ်ချို့ကို မီးရှို့ဖျက်ဆီးခဲ့သလို ဝါရီဆူးဖလိုင်ရွာမှ ရွာသားအချို့အား လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်လည်းရှိကြောင်း KNDF ကဆိုသည်။

တိုက်ပွဲတွင်းစစ်ကောင်စီတပ်ဖွဲ့ဝင် ၆၁ ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရကာ ကရင်နီမဟာမိတ်ပူးပေါင်းတပ်များဘက်မှလည်း ဆရာဝန်တဦးဖြစ်သည့် ဒေါက်တာအောင်ကြီးအပါအဝင် တပ်ဖွဲ့ဝင် ၁၃ ဦးထပ်မနည်း ကျဆုံးခဲ့ကြောင်း ကရင်နီမဟာမိတ်ပူးပေါင်းတပ်များထံမှ သိရသည်။

ထို့အပြင် တိုက်ပွဲအတွင်း စစ်ကောင်စီတပ်များ၏ ပစ်ခတ်မှုကြောင့် အရပ်သား ၁၀ ဦးထပ်မနည်းသေဆုံးပြီး ရှမ်း-ကယားနယ်စပ်ရှိ ကျေးရွာပေါင်း ၃၀ ခန့် နေရပ်စွန့်ခွာထွက်ပြေးနေရကြောင်း KNDF ပြောခွင့်ရ ဗိုလ်မျက်မှန်က ပြောသည်။

"ဒေသခံပြည်သူတွေကတော့ ပြောမနေပါနဲ့ဗျာ။ အကုန်ထွက်ပြေးကုန်ပါပြီ။ မိုးဗြဲတဝိုက်က ရွာပေါင်း ၃၀ ကတော့ လူတွေ လုံးဝ မရှိတော့ပါဘူး။ လွတ်ရာကျွတ်ရာ စစ်ရှောင်စခန်းတွေမှာ အဆင်ပြေသလိုပဲ နေကြရတယ်။ ဘေးကင်းတယ်ရယ်လို့ တော့ မရှိဘူး" ဟု ၎င်းက ညီးတွားသည်။

လတ်တလောတွင် စစ်ကောင်စီတပ်များသည် မိုးဗြဲမြို့နှင့် လွိုင်ကော်မြို့တို့မှတဆင့် ဒီးမော့ဆိုမြို့နယ်ဘက်သို့ စစ်ကြောင်းထိုးမည့် အရိပ်အယောင်များတွေ့နေရသဖြင့် ဒေသခံများအနေနှင့် အဆိုပါမြို့များ၌ ခရီးသွားလာခြင်းများ မလုပ်ဆောင်ကြရန် KNDF က ကြေညာချက်ထုတ်ပြန် သတိပေးထားသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ပထမပတ်အတွင်း စစ်ကောင်စီဒုဥက္ကဋ္ဌ ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် စစ်ကောင်စီခန့် ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ ကယားပြည်နယ်မြို့တော် လွိုင်ကော်နှင့် ဘောလခဲမြို့များသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကာ နယ်မြေခံတပ်နယ်အရာရှိများနှင့် တွေ့ဆုံပြီးနောက် ရှမ်း-ကယားနယ်စပ်တွင် စစ်ကြောင်းထိုးမှု ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်သည်။



အရပ်သားများလည်း ပြင်းထန်စွာ ဒဏ်ရာရကြသည်/ MBPDF

KDF ပြန်ကြားတာဝန်ခံတဦးကလည်း စစ်ကောင်စီသည် လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် ကရင်နီမဟာမိတ်တပ်များ၏ ခံစစ်ကြောင်းကို မဖောက်နိုင်သည့်နောက် မိုးဗြဲမြို့နယ်ဘက်မှတဆင့် စစ်ကြောင်းထိုးကြည့်ခြင်းဖြစ်နိုင်ကြောင်း ပြောသည်။

"အခုတဖန် မိုးဗြဲကို ထိုးတဲ့ စစ်ကြောင်းက ကျနော်တို့ထင်တာတော့ ရှမ်း-ကယားနယ်စပ် အခရာကျတဲ့နေရာလည်း ဖြစ်တယ်။ ကယားပြည်နယ်ဝင်ပေါက်ပေါ့။ အဲဒီနေရာကို လမ်းပိတ်ပြီး စစ်ကြောင်းထိုးတဲ့ပုံပေါ့။ ကယားပြည်နယ် ဝင်ပေါက်ဆိုရင် ဟိုဘက်မှာဆိုရင် တောင်ငူဘက်သွားတဲ့လမ်း ရှိမယ်။ မိုးဗြဲတလမ်းရှိမယ်။ လွိုင်လင်လေး ၊ ဆီဆိုင်လမ်း ရှိမှာပေါ့။ ကရင်နီမဟာမိတ်တွေ အတော်များများ အခြေပြုတော့ သူတို့ အသာစီးရချင်လို့ ထိုးကြည့်တာပေါ့" ဟု ၎င်းက ဆိုသည်။

KNPP အတွင်းရေးမှူး (၁) ခူးဒယ်နီရယ်ကလည်း စစ်ကောင်စီ၏ ဒုဥက္ကဋ္ဌ လာပြီးနောက် စစ်ကောင်စီတပ်များက စစ်ကြောင်းထိုးလာသည်ဖြစ်ရာ စစ်ကောင်စီ ဒုဥက္ကဋ္ဌ ခရီးစဉ်နှင့် ယခုထိုးစစ်သည် ဆက်စပ်မှုရှိနိုင်ကြောင်းဆိုသည်။

"အမှန်ကတော့ အမြဲတမ်းဆက်စပ်မှု ရှိပါတယ်။ သူလာတာကတော့ ကိစ္စ တခု၊ ၂ ခုပါတယ်။ အုပ်ချုပ်ရေးယန္တရား လည်နိုင်ဖို့ နယ်မြေတွေ ထိန်းမှုရမယ်ဆိုတဲ့ သဘောမျိုးနဲ့လာတာလေ။ နောက်တခုက စစ်ရေးကိစ္စပေါ့။ ဆက်စပ်မှုတွေရှိပါတယ်" ဟု ၎င်းက ဆိုသည်။

ခူးဒယ်နီရယ်၏ သုံးသပ်ချက်အရဆိုပါက စစ်ကောင်စီတပ်များသည် နယ်မြေစိုးမိုးမှုရရှိပြီး အုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရန် ရည်ရွယ်ကာ စစ်ကြောင်းထိုးလာသည့် သဘောလည်းဖြစ်သည်။

ကရင်နီမဟာမိတ်ပူးပေါင်းတပ်များကမူ စစ်ကောင်စီဘက်က ရှေ့တိုး၍ ဆက်လက် စစ်ကြောင်းထိုးလာပါက ခုခံတိုက်ခိုက်သွားရန် ဆုံးဖြတ်ထားကြောင်း အခိုင်အမာဆိုသည်။

KNDF ပြောခွင့်ရ ဗိုလ်မျက်မှန်က "ကျနော်တို့ကတော့ အပြင်းထန်ဆုံး စစ်ကောင်စီကို ပြန်လည်ခုခံနေတယ်။ ကျနော်တို့ကတော့ အဆုံးအစွန်အထိ စစ်ကြောင်းကို ခုခံသွားဖို့ရှိတယ်။ အဲဒီအတွက် ပြင်းပြင်းထန်ထန်တိုက်နေတယ်။ နေ့ရက်တိုင်းလိုပဲ။ မနားရပါဘူး" ဟု ပြောဆိုသည်။

https://burma.irrawaddy.com/article/2022/02/23/250095.html

----------------------------------------------------------------------------------------------

## မိုးဗြဲဘက် စစ်ကောင်စီလက်နက်ကြီးကြောင့် အရပ်သားပြည်သူများ ထိခိုက် သေဆုံးမှုရှိ

By SHAN - February 23, 2022

သျှမ်းပြည်တောင်ပိုင်း မိုးဗြဲမြို့နယ်အတွင်း စစ်ကောင်စီဘက်မှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ထိခိုက်သေဆုံးမှုများရှိနေကြောင်း သတင်းသိရသည်။





ယနေ့ (ဖေဖော်ဝါရီလ ၂၃) ရက်နေ့ မနက် ၈ နာရီဝန်းကျင်မှ စတင်ပြီး မိုးဗြဲအခြေစိုက် စစ်ကောင်စီ လက်အောက်ခံ အမှတ် ၄၂၂ တပ်မှ လက်နက်ကြီးဖြင့် လူနေရပ်ကွက်မြို့တွင်းဘက်သို့ အကြောင်းမဲ့ ရမ်းသမ်းပစ်ခတ်မှုကြောင့် အသက် (၇၀)ကျော် အဘိုးအို တစ်ဦး သေဆုံးပြီး၊ အသက် (၁၄)နှစ်အရွယ် အမျိုးသမီးငယ် တစ်ဦး နှင် အမျိုးသားတစ်ဦး ဒဏ်ရာရရှိကြောင်း ဒေသခံများပြောပြချက်အရ သိရသည်။

"ဒီကနေ့လည်း အစောကြီးပစ်ပါတယ်၊ PDF တွေလည်း မရှိဘဲနဲ့ လူနေရပ်ကွက်တွေဘက်ကို ရမ်းပြီးပစ်လာ လို့ ကဖုရွာက အိမ်ထဲပုန်းနေတဲ့ အသက် ၇၀ ကျော် အဖိုးအိုတစ်ဦးကို လက်နက်ကြီး မှန်သွားတယ်။ တခြား သူတွေလည်း ထိခိုက်ဒဏ်ရာရသူလည်းရှိတယ်၊ အဆောက်အအုံ ပျက်စီးမှုလည်း များတယ်" ဟု မိုးဗြဲမြို့ ဒေသခံအမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ယခုရက်သတ္တပတ်အတွင်း မိုးဗြဲမြို့နယ်အတွင်းသို့ တိုက်လေယာဉ်၊ ရဟတ်ယာဉ်များအပြင် တာဝေးပစ် လက်နက်များ၊ ၁၂၀ မမ၊ ၈၀ မမ ကဲ့သို့သော လက်နက်များဖြင့်လည်း စစ်ကောင်စီတို့က အကြိမ်ရေများစွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းလည်း ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ပြောသည်။

"စကစတွေက အင်အားအလုံးအရင်းနဲ့ လက်နက်ကြီးနဲ့ရော ဝေဟင်ကနေ ဗုံးကြဲတိုက်နေတယ်၊ သူတို့တွေက ပြည်တွင်းစစ်အနေနဲ့ ကန့်သတ်ထားတဲ့ လက်နက်တွေ အကုန်သုံးနေတယ်၊ စကစတွေ မသုံးသေးတာ ဆိုလို့ ဓာတုလက်နက်ပစ္စည်းပဲရှိတယ်" ဟု မိုးဗြဲမြို့မှ PDF တပ်ဖွဲ့ဝင်တစ်ဦးက သျှမ်းသံတော်ဆင့် ကို ပြောသည်။

လက်ရှိရှေ့တန်း စစ်မျက်နှာပြင်တွင် စစ်ကောင်စီတပ်ဖွဲ့တို့နှင့် ရင်ဆိုင်တိုက်ခိုက်နေသော PDF များ အနေဖြင့် စစ်ကောင်စီတို့နှင့် လက်နက်အင်အားမမျှသည့်အတွက် အကူအညီများလိုအပ်နေပြီး ကူညီထောက်ပံ့ပေးကြရန်လည်း ပြောဆိုထားပါသည်။

မိုးဗြဲတိုက်ပွဲအတွင်း စစ်ကောင်စီတပ်သားများက ဝါရီဆူးဖလိုင်နှင့် ဝီသဲကူးကျေးရွာမှ နေအိမ်များကို မီးရှို့ခဲ့ပြီး ဝါရီဆူးဖလိုင်က ကျေးရွာသားအချို့ကိုလည်း ဖမ်းစီးပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ကာ စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား သေဆုံးမှု ၁၀ ဦးထက်မနည်း ရှိနေကြောင်းလည်း သိရသည်။

https://burmese.shannews.org/archives/27100

-----------------------------------------------------------------------------------------------------------

## ဖယ်ခုံမြို့နယ်မှာ လက်နက်ကြီးကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာရ

2022.02.23



၂၀၂၂၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ ကဖုကျေးရွာကို ကျရောက်တဲ့ လက်နက်ကြီးကျည်ကို တွေ့ရစဉ် Photo: PDF Pekhon

ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့အခြေစိုက် အမှတ် (၄၂၂) တပ်ရင်းက ဖေဖော်ဝါရီလ ၂၃ ရက် ဒီနေ့မနက် ၈ နာရီဝန်းကျင်လောက် ဖယ်ခုံမြို့နယ် ကဖုကျေးရွာဘက်ကို လက်နက်ကြီး ခြောက်ချက် လှမ်းပစ်ရာမှာ အသက် ၇၂ နှစ်အရွယ် ဦးအန်းဂျေလိုနဲ့ အသက် ၁၄ နှစ်အရွယ် မကယ်ရီမင်းတို့ ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ ဖယ်ခုံ PDF အဖွဲ့က ထုတ်ပြန်ပါတယ်။

စစ်ကောင်စီတပ်က တိုက်ပွဲမရှိဘဲ လက်နက်ကြီးနဲ့ လှမ်းပစ်ရာမှာ အခုလို အရပ်သားတွေ ကို ထိခိုက်ခဲ့တာလို့ ဖယ်ခုံ PDF အဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

**"စစ်ကောင်စီက မြို့ထဲ နေရာယူထားတာတွေ ရှိတယ်။ တိုက်ပွဲဖြစ်ပွားတာ မရှိဘူး။ ပုံမှန်အတိုင်းဆို ဒီအတိုင်းပဲ ပစ်နေကြပါပဲ၊ အရပ်သားတွေ နေတဲ့နေရာကို။ သေဆုံး စာရင်းတော့ မကြားရသေးဘူး။ ထိခိုက်ဒဏ်ရာရတယ်လို့ပဲ ကြားတယ်"**

ဒဏ်ရာတွေကတော့ အသက်အန္တရာယ် မစိုးရိမ်ရဘူးလို့ ဆိုပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရသူ ပြန်ကြားရေး ဒုဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းကို RFA က ဆက်သွယ်မေးမြန်းဖို့ ကြိုးစားနေဆဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က မိုးဗြဲတိုက်ပွဲမှာလည်း လက်နက်ကြီးကြောင့် မိုးဗြဲဒေသခံ တစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရခဲ့ပါတယ်။

ကရင်နီဒေသမှာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၆ ရက်နေ့အထိ စစ်အာဏာသိမ်း တစ်နှစ်အတွင်း အရပ်သား သေဆုံးသူ ၂၁၄ ဦးနဲ့ ထိခိုက်ဒဏ်ရာရသူ ၂၁၆ ဦးရှိတယ်လို့ ကရင်နီ လူမှုအသင်း အဖွဲ့ ကွန်ရက်က ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/two-people-were-injured-in-pekhon-02232022040037.html

-----------------------------------------------------------------------------------------------

## နောင်ချိုမြို့ ရထားဘူတာ ရဲကင်းစခန်း တိုက်ခိုက်ခံရ၊ ပြည်သူ ၂ ဦး လက်နက်ကြီးထိမှန်

By နောင်နောင် | 23 February 2022



ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင် နောင်ချိုမြို့တွင် ဒေသကာကွယ်ရေးတပ် (PDF) ပူးပေါင်းတပ်များနှင့် စစ်ကောင်စီတပ်တို့အကြား ယနေ့ ဖေဖော်ဝါရီလ ၂၃ ရက် နံနက် ၁ နာရီခွဲတွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး အရပ်သား နှစ်ဦး လက်နက်ကြီးထိမှန်ဒဏ်ရာရရှိသွားကြောင်း နောင်ချိုမြို့ ဒေသခံက မဇ္ဈိမကို အတည်ပြုသည်။

နောင်ချိုမြို့ ညောင်ဖီးရပ်ကွက်၊ အမှတ် (၂) မီးရထားဘူတာရှိ အာဏာသိမ်းစစ်ကောင်စီလက်အောက်ခံ ရဲကင်းစခန်းကို ဒေသကာကွယ်ရေးပူးပေါင်းတပ်များက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု ဒေသခံများက ပြောသည်။

“ပြည်သူ နှစ်ဦးထိတယ်။ ဘူတာနားလေးကပဲ။ တိုက်ပွဲက တော်တော်ပြင်းတယ်။ ၆၀ မမ၊ ၁၂၀ မမ တွေနဲ့ ပစ်တာ။ ပြည်သူတွေအကုန်လုံး အထုတ်တွေနဲ့ လမ်းပေါ်ထွက်ထိုင်နေကြတာ။ ပိုကြမ်းလာရင် စစ်ဘေးရှောင်ကြရတော့မှာပေါ့” ဟု နောင်ချိုမြို့ခံက မဇ္ဈိမကို ပြောသည်။

နှစ်ဖက်ထိတွေ့ တိုက်ပွဲသည် မိနစ် ၃၀ နီးပါးကြာမြင့်ခဲ့ပြီး စစ်ကောင်စီဘက်က လက်နက်ကြီး အချက် ၃၀ ထက်မနည်း ပစ်ခတ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ ထိုလက်နက်ကြီးအစ ထိမှန်၍ အသက် ၅၀ ကျော်အရွယ် ပြည်သူနှစ်ဦးမှာထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ဒဏ်ရာမပြင်းထန်ကြောင်း သိရသည်။

တိုက်ပွဲအတွင်း နှစ်ဖက်ထိခိုက် ကျဆုံးမှုကို မသိရသေးပေ။

"မနေ့ညက လက်နက်ကြီးတွေ ပစ်တာ။ စက်သေနတ်တွေနဲ့ တောက်လျှောက်ဆွဲကြတာ။ မနားတမ်း အမြန်ဆွဲကြတာ။ တော်တော်ဆိုးပါတယ်။ ဒီလိုမျိုး တစ်သက်နဲ့တစ်ကိုယ် မကြားဖူးဘူး” ဟု တိုက်ပွဲအခြေအနေကို ဒေသခံက ပြောပြသည်။

ထိုသို့တိုက်ပွဲဖြစ်ပြီးနောက် နောင်ချိုမြို့အဝင်၊ အထွက် ဂိတ်များကို အာဏာသိမ်းစစ်ကောင်စီဘက်က ပိတ်လိုက်ပြီးနောက် နံနက် ၄ နာရီခန့်အချိန်တွင် ပြန်ဖွင့်လိုက်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂုတ်တွင်းထိပ်တွင် ရဲအင်အားလုံခြုံရေးအပြည့် ထိုးမြှင့်ချထားပြီး နောင်ချိုမြို့ပေါ်တွင်လည်း အာဏာသိမ်းစစ်ကောင်စီတပ်ဖွဲ့ဝင်များက အင်အားတိုးမြှင့်ကာ ကားများဖြင့်လှည့်ကင်းပတ်နေကြကြောင်း ဒေသခံများက ပြောသည်။

https://www.mizzimaburmese.com/article/100199

-----------------------------------------------------------------------------------------------

## ပူတာအိုတွင် တိုက်ပွဲပြင်းထန်၊ ဒေသခံ ထောင်ချီ ထွက်ပြေးတိမ်းရှောင်

Published By DVB | 23 February, 2022



စစ်ရှောင်များနေထိုင်ရန် ယာယီတဲဆောက်နေမှုမြင်ကွင်း

ကချင်ပြည်နယ်မြောက်ပိုင်း၊ ပူတာအိုမြို့နယ်၊ လုံရှာယန်ရွာဘက်မှာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၈ ရက်ကနေ ဒီနေ့ထိ စစ်ကောင်စီနဲ့ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်းတပ်တို့အကြား

တိုက်ပွဲပြင်းထန်လာတာကြောင့် ဒေသခံ ထောင်ချီ ထွက်ပြေးတိမ်းရှောင်ရတယ်လို့ သိရပါတယ်။

"စစ်ကောင်စီဘက်က လုံရှာယန်ရွာခံတွေကို ဒီနေ့ နောက်ဆုံးအနေနဲ့ ထွက်ခွာပေးဖို့ စစ်ကောင်စီတပ်က ပြောထားတယ်။ မနေ့ကတည်းက တချို့ ထွက်ပြေးတိမ်းရှောင်သွားကြပြီ။ ရွာခံတွေ အားလုံး တောဘက်ကို ထွက်ပြေးတိမ်းကုန်ပြီ။ ကလေး နှစ်ယောက်လည်း ပျောက်နေတယ်" လို့ ဒေသခံ တယောက်က ပြောပါတယ်။

လုံရှာယန်က ရွာကြီးဖြစ်ပြီး ရွာသေးလေးတွေအပါအဝင် ကျေးရွာအုပ်စု ၁၀ ကျော်၊ အိမ်ခြေ ၈၀၀ နဲ့ ၁၀၀၀ ကြားရှိပြီး လူဦးရေ ၃၀၀၀ နဲ့ အထက်ရှိကာ ကချင်၊ ခနန်၊ လီဆူ၊ ရှမ်း၊ ရဝမ် လူမျိုးတွေ စုပေါင်းနေထိုင်ကြတာပါ။

လက်ရှိမှာတော့ ဒေသခံ ၅၀၀၀ ဝန်းကျင် ရွာအနီးနား တောထဲထွက်ပြေးကြရပြီး ပူတာအိုနဲ့ မြစ်ကြီးနားဘက် တိမ်းရှောင်နေကြရသူတွေလည်း ရှိတယ်လို့ ဒေသခံက ပြောပါတယ်။

စစ်ရှောင်ပြည်သူတွေကို လာကြိုတဲ့ ပူတာအိုက ဘာသာရေးအသင်းအဖွဲ့ရဲ့ ကားတွေကို စစ်ကောင်စီက လူနာတွေတင်ဖို့ ချောဆွဲထားတယ်လို့ ဆိုပါတယ်။

PDF တပ်ဖွဲ့ဝင်တဦးက "ပူတာအိုလမ်းဘက်တော့ အကုန်ခြောက်ကပ်သွားပြီ။ ခုညနေ ၃ နာရီကျော်ခန့်ကစ တိုက်ပွဲ ပြန်ဖြစ်နေပြီ။ ရှိန်းဂတ်တောင် သွားလမ်း၊ လုံဂါယန် ဆိုတဲ့နေရာ။ ပူတာအိုခရိုင်ကနေ ထိုးစစ်ဆင်လာတဲ့ စစ်ကောင်စီ အင်အားဖြည့်ကား ၃ စီးကို KIA နဲ့ PDF ပူးပေါင်းတပ်ဖွဲ့တွေ။ ဖေဖော်ဝါရီ ၁၈ ရက်နေ့ကစတာ ဒီနေ့ ၂၃ ရက်နေ့အထိ၊ မနေ့ကတော့ သူတို့ လေယာဉ် ၂ စီး နဲ့ ၃ ကြိမ်လာပစ်တယ်။ မနေ့ကလည်း ပစ်တယ်၊ ဒီနေ့လည်း ပစ်တယ်။ ရှိန်းဂတ်တောင်ကို ကျနော်တို့ ဝိုင်းထားဆဲ။ တပ်က ခလရ ၁၃၇, ၇၈၆ ပူးပေါင်းတပ်တွေ။ ကျနော်တို့ဘက်က တပ်မဟာ ၁ အောက် တပ်ရင်း ၇ နဲ့ PDF တွေ။ ခုအားလုံး ရှိန်းဂတ်တောင်ဘက် တက်လာနေတယ်။ အင်အား ၂၀၀ ကျော်၊ စစ်မျက်နှာ ၃ ဘက်ကနေ။ မနက်ဖြန်လောက်တော့ အကြီးအကျယ် ဖြစ်လာတော့မှာ။"

စစ်ကောင်စီအနေနဲ့ ရှိန်းဂတ်တောင်ကို ၂၀၁၇ နှစ်က ဆုံးရှုံးလိုက်ရပြီးချိန်ကစ လုံရှာယန်ဘက် အခြေချကာ ဆွမ်ပီယန်နဲ့ ရှိန်းဂတ်တောင်ကြား ဆွမ်ပီယန်၊ ဆွမ်ပရာဘွမ်လမ်းမကြီး ဘယ်ညာ ဘိန်းခြံ စီမံကိန်းအကြီးကြီးတွေလုပ်လာပြီး ဘိန်းဖြူ ဘိန်းမည်း၊ ရာဘ စတဲ့ မူးယစ်ဆေးဝါးတွေ ထုတ်လုပ်ကာ ပြည်သူတွေကို ဖျက်ဆီးနေတာကြောင့် KIA, PDF ပူးပေါင်း ရှင်းလင်းနေပြီး မရမနေ ပြန်ယူနေတာလို့ ဆိုပါတယ်။

https://burmese.dvb.no/archives/518625

-----------------------------------------------------------------------------------------------

## စစ်ကောင်စီတပ် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၇၀ နီးပါးရှိလာ

Published By DVB | 23 February, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်းကာလ ၁ နှစ်ကျော်အကြာ စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၆၈ ယောက်နဲ့ ဖမ်းဆီး ထိန်းသိမ်းခံရသူပေါင်း ၁၂၂၈၉ ယောက်ထိ ရှိလာခဲ့ပြီလို့ နိုင်ငံရေးအကျဉ်းသားများကူညီ စောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက် အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၂၇၆ ယောက် လက်ရှိချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၇၄၇ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၂၂ ရက်က အင်းစိန်အကျဉ်းထောင်တွင်းအထူးတရားရုံးကနေ စာရေးဆရာ မောင်သာချိုကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) နဲ့ ထောင်ဒဏ် ၂ နှစ်၊ စာရေးဆရာ ထင် လင်းဦးကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) နဲ့ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၃ နှစ် အသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရှိရပါတယ်။ စာရေးဆရာ မောင်သာချိုဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခု နှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ စာရေးဆရာ ထင်လင်းဦးဟာ မတ် ၁ ရက်နေ့တွေမှာ ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရတာ ဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၂၀ ရက်မွန်းလွဲ ၂ နာရီခွဲလောက်က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့က ဧရာ ဝတီတံတား မြောက်ဘက် စစ်ဆေးရေးဂိတ်မှာ အကြမ်းဖက်စစ်အုပ်စုတပ်က အမျိုးသား ၂ ယောက်ကို ဆိုင်ကယ်အတူစီးလို့ဆိုကာ ပစ်ခတ်ခဲ့တာကြောင့် ဆိုင်ကယ်နောက်မှာ လိုက်ပါလာတဲ့ ဦးမျိုးလှိုင်မှာ ခြေထောက်နဲ့ နောက်ကျောကို ကျည်ထိမှန်ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် အကြမ်းဖက်စစ်အုပ်စုက လူနာတင်ယာဉ်ကို အချိန်မီ ခေါ်ပေးခြင်းမရှိ တာကြောင့် ဦးမျိုးလှိုင်ဟာ သွေးထွက်လွန်ကာ ကျဆုံးသွားခဲ့ကြောင်း သိရှိရပြီး ဆိုင်ကယ်မောင်းလာသူကိုလည်း ဖမ်းဆီးသွားခဲ့ကြောင်း သိရှိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူ တွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေစတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီးအချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/518469

-----------------------------------------------------------------------------------------------

## မြန်မာတွင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူ ၄ သိန်းခွဲကျော် ရှိလာ

Published By DVB | 23 February, 2022

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၄ ရက်အထိ မြန်မာနိုင်ငံတဝန်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူ ဦးရေ ၄၅၃,၀၀၀ ယောက်ထိ ရှိလာခဲ့ပြီလို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ထုတ်ပြန်ပါတယ်။

နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်တဲ့ ဒေသတွေမှာ ခိုလှုံစရာနေရာ၊ အစားအစာ၊ သောက်သုံးရေနဲ့ ဆောင်းရာသီသုံးပစ္စည်းတွေ လုံလောက်စွာမရရှိနိုင်တာကြောင့် တချို့နေရပ်စွန့်ခွာသူတွေဟာ ရှမ်းပြည်နယ်ကနေ မူလနေထိုင်ရာဒေသဖြစ်တဲ့ ပြီးခဲ့တဲ့ သီတင်းပတ်တွေ အတွင်း တိုက်ပွဲအနည်းငယ် ဖြစ်ပွားရာ ကယားပြည်နယ်ကို ပြန်သွားခဲ့ကြတယ်လို့ ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ အနောက်မြောက်ဒေသမှာ လက်နက်ကိုင်တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပြီး နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူမိသားစုတွေ သိသိသာသာမြင့်တက်ခဲ့ပြီး အထူးသဖြင့် စစ်ကိုင်းတိုင်းမှာ

အရင်ရက်သတ္တပတ်တွေနဲ့ နှိုင်းယှဉ်ရင် နေရပ်စွန့်ခွာသူ လူဦးရေအသစ် ၁ သောင်းလောက် ရှိလာခဲ့တယ်လို့ ဆိုပါတယ်။



UNHCR
The UN Refugee Agency

UNHCR REGIONAL BUREAU FOR ASIA AND PACIFIC (RBAP)
MYANMAR EMERGENCY UPDATE
as of 15 February 2022

KEY DISPLACEMENT FIGURES

| 46,000 | 980,000 | 453,000 | 823,000 |
| --- | --- | --- | --- |
| Estimated refugee movements to neighbouring countries since 1 February 2021 | Refugees and asylum-seekers from Myanmar in neighbouring countries as of 31 December 2020 | Estimated total internal displacement within Myanmar since 1 February 2021 | Estimated internally displaced persons (IDPs) within Myanmar as of 14 February 2022 |

TIMELINE OF KEY EVENTS

1 February 2021 Military takeover

5 March First reports of new arrivals to India

27 March First reports of new arrivals to Thailand

24 April ASEAN Leaders' Meeting in Jakarta agrees to Five-Point Consensus on Myanmar

27 April Reports of more arrivals to Thailand

By 1 June 100,000 estimated new displacements within Kayah state

By 15 June Internal displacement in Myanmar since February reaches 200,000

12 July USD 109 million Myanmar Interim Emergency Response Plan published

By end-July Severe flooding affects large parts of Myanmar

15 December New displacements to Thailand following clashes in south-east Myanmar

15 February 2022

HIGHLIGHTS

As of 14 February 2022, internal displacement figures in Myanmar reached a new high of 453,000 since 1 February 2021. These include 226,400 internally displaced persons (IDPs) in South-East Myanmar – 91,900 in Kayah State, 51,800 in Shan State (South-all towns except Kyethi, Laihka and Mongkaing), 71,800 in Kayin State, 7,500 in Mon State, 2,600 in Tanintharyi Region and 800 in Bago Region and 6,900 in Shan State (North). In addition, there are 146,500 IDPs in Sagaing Region, 34,000 in Chin State and 21,400 in Magway Region.

In the South-East, smaller-scale displacement continues while returns of internally displaced persons to their place of origin have been reported from Shan State (South) to Kayah State in areas where fewer clashes occurred in the past few weeks. IDPs have also been prompted to return due to the lack of shelter, food, water and winter items in displacement areas. During the first week of February, for the first time since the beginning of the year, some 400 individuals have been newly displaced within Kyaikto Township, Mon State. The cause of displacement is linked to the intensification of clashes in Hpapun Township, Kayin State and northern Mon State. Amidst the surge in COVID-19 cases across the country, IDPs have also reportedly been infected, including in Loikaw, Kayah State.

In the North-West, armed clashes continue to displace families. There was a significant increase in displacement in the Sagaing Region in comparison to previous weeks with some 10,000 persons newly displaced. Many IDPs are in need of shelter, though displacement remains fluid, with civilians often displaced to nearby mountains or forests for short periods of time. Homes continue to be destroyed throughout the region, hindering return and exacerbating shelter and protection needs.

In Rakhine State, curfews were observed in some townships such as Maungdaw, Buthidaung, Mrauk-U, Minbya, and Kyautaw. Acute water diarrhoea (AWD) – affecting mostly children – continues to be reported in IDP camps, villages, and displacement sites. Timely treatment is hampered by inadequate health care and WASH facilities, movement constraints, systemic discrimination, segregation and hence reliance on traditional healers.

RESPONSE

Myanmar

In the **South-East**, UNHCR continues to coordinate distribution of emergency aid with partners in Shan State (South). During the reporting period, UNHCR and partners have reached some 2,600 IDPs in Pin Laung, Naung Ta Yar and Ti Kyit in Pin Laung townships. Some 10,000 IDPs have so far been assisted since January 2022 in 67 different locations. Following rapid needs assessments conducted in Loikaw and Hsihseng townships, UNHCR identified persons with specific needs such as unaccompanied and separated children and older people with medical needs. However, lack of adequate services continues to be a challenge. In Hlaingbwe Township, Kayin State, UNHCR distributed non-food items to some 4,800 IDPs living in four IDP sites. As part of its COVID-19 response, UNHCR distributed 20 bedding sets to a quarantine centre of a hospital in Kayin State.

In **Rakhine State**, UNHCR and partners distributed some 2,300 non-food items kits to IDPs living in OTG-S IDP camp. Furthermore, UNHCR and partners distributed some 2,000 face masks in Kyauktalone IDP camp.

In **Kachin State**, UNHCR and partners provided cash assistance to meet the most pressing needs of displaced and injured civilians as a result of the fighting in Putao and Hpakant townships. In addition, UNHCR supported community treatment centres with 10 oxygen concentrators for the treatment of COVID-19 patients among IDPs and the host community.

Publishing date: 21 February 2022 | Author: UNHCR Regional Bureau for Asia and the Pacific (RBAP)
For feedback and clarifications, please write to UNHCR RBAP at < rbapdima@unhcr.org > and < rbapext@unhcr.org >

1

ဒါကြောင့်မို့ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူအများအပြားဟာ ခိုလှုံစရာနေရာတွေ လိုအပ်နေပြီး အများစုကတော့ အနီးအနားတောတောင်တွေနဲ့ သစ်တောနေရာတွေမှာ ယာယီပြောင်းရွှေ့နေထိုင်နေကြရတယ်လို့ ဆိုပါတယ်။

ရခိုင်ပြည်နယ်အတွင်းက မောင်တော၊ ဘူးသီးတောင်၊ မြောက်ဦး၊ မင်းပြားနဲ့ ကျောက်တော် မြို့နယ်တွေက ပြည်တွင်းနေရပ်စွန့်ခွာသူတွေ နေထိုင်ရာနေရာတွေ၊ ကျေးရွာတွေနဲ့ နေရပ်စွန့်ခွာသူတွေနေထိုင်ရာ စခန်းတွေက ကလေးငယ်တွေဟာ သန့်ရှင်းတဲ့ရေ မရရှိ တာကြောင့် ကာလဝမ်းရောဂါကူးစက်ခံရမှုတွေ ခံစားနေကြရတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံတဝှမ်း ကိုဗစ်-၁၉ ကူးစက်ခံရသူတွေ မြင့်တက်နေပြီး ကယားပြည်နယ် လွိုင်ကော်မြို့က နေရပ်စွန့်ခွာနေထိုင်ရသူတွေ အပါအဝင် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်နေရသူ အများအပြားဟာ ရောဂါကူးစက်ခံနေရတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ် ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ၊ ပြည်သူ့ခုခံစစ် (Peoples Defensive War) ကို ဆင်နွှဲနေ ကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီး တိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

https://burmese.dvb.no/archives/518606

---------------------------------------------------------------------------------------------------------

## လေတပ်အရာရှိ ၁ ဦး အာဏာဖီဆန်CDM ပြုလုပ်၊ ပြည်သူနှင့်ပူးပေါင်း

Published By DVB | 23 February, 2022



နေပြည်တော် အမှတ် ၄၅ ကင်းထောက်လေတပ်စခန်းမှာ ၁၇ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့ လေတပ်အရာရှိတစ်ယောက်ဟာ CDM လုပ်ဖို့ မိသားစုနဲ့အတူ ရောက်လာခဲ့တယ်လို့ ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆိုက ဖေဖော်ဝါရီ ၂၂ ရက်မှာ ထုတ်ပြန်ပါတယ်။

မန္တလေးတိုင်း ပြင်ဦးလွင်မှာ သင်တန်းတက်နေတဲ့ DSA အပတ်စဉ် ၅၀ ဗိုလ်ကြီးဇေသူအောင်ဟာ အခုလ ၁၅ ရက်က မိသားစုနဲ့အတူ ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆိုကို ရောက်လာခဲ့တယ်လို့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ပြည်သူ့ဘက်တော်သားအဖြစ် ရပ်တည်ဖို့ ပြည်သူနဲ့အတူ ပူးပေါင်းလာတဲ့ ဗိုလ်ကြီးဇေသူအောင်နဲ့ မိသားစုကို လုံခြုံတဲ့နေရာကို စီစဉ်ပေးထားပါတယ်။

ပြည်သူလူထုနဲ့ တသားတည်း ပူးပေါင်းပါဝင်လိုတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကိုလည်း ပြည်သူ့ကာကွယ်ရေး တပ်-ဒီးမော့ဆို (DMO-Local PDF)တပ်ဖွဲ့ က နွေးထွေးစွာ ကြိုဆိုလက်ခံဖို့ အသင့်ရှိတယ်လို့ အသိပေးကြေညာထားပါတယ်။

https://burmese.dvb.no/archives/518491

----------------------------------------------------------------------------------------------------

## ANP ဗဟိုကော်မတီဝင်ကို AA ဖမ်းဆီး

By ဧရာဝတီ| 23 February 2022



ရခိုင်အမျိုးသားပါတီ (ANP )မှ ဗဟိုကော်မတီဝင် ဦးခိုင်ကျော်မိုး

ရခိုင်အမျိုးသားပါတီ (ANP )မှ ဗဟိုကော်မတီဝင်တဦးဖြစ်သည့် ဦးခိုင်ကျော်မိုးကို ရက္ခိုင့်တပ်တော် (AA) အဖွဲ့က ယခုရက်ပိုင်းအတွင်းက ခေါ်ယူကာ ထိန်းသိမ်းထား ကြောင်း သတင်းများထွက်ပေါ်နေသည်။

အဆိုပါ ထိန်းသိမ်းခံရသည့် ဦးခိုင်ကျော်မိုးသည် ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (ULA / AA) ကိုယ်စားပြုအနေဖြင့် နေပြည်တော်၌ ကျင်းပသော ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သော ဦးဦးလှစောအား လူမှုကွန်ရက်ပေါ်တွင် ဆဲဆိုခဲ့သည့်အတွက် ထိုသို့ ထိန်းသိမ်းခံရခြင်း ဖြစ်ကြောင်း ကျယ်ကျယ် ပြန့်ပြန့် သတင်းများထွက်ပေါ်နေသည်။

ဦးခိုင်ကျော်မိုးသည် စစ်တွေမြို့ မင်းဂံရပ်ကွက်တွင် နေထိုင်သူတဦးဖြစ်ပြီး AA ထိန်းချုပ်ရာနယ်မြေသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။

အမည်မဖော်လိုသူ ANP ပါတီမှ ပါတီဝင်တဦးက “ ဖမ်းဆီးတဲ့ သဘောတော့မဟုတ်ဘူး။ သူက အရက်မူးရင် နည်းနည်းဆိုးတယ်။ လူတွေနဲ့ မကြာခဏ စကားများတယ်။ ဆရာဦးဦးလှစောကိုလည်း အရက်မူးပြီး Facebook ဆဲတာရှိတယ်။ AA ခေါင်း ဆောင်ပိုင်း တွေနဲ့ ခင်မင်းရင်းနှီးနေတော့ လူတော် တယောက်အနေနဲ့ အရက်ကြောင့် ရှေ့ဆက် မမှားရအောင် ခေါ်ယူပြီး ထိန်းသိမ်းထားတဲ့သဘောမျိုး လို့ပဲ ကြားမိတယ်” ဟု ဧရာဝတီသို့ ပြောသည်။

ဦးခိုင်ကျော်မိုးသည် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ဦးဦးလှစော အား facebook ပေါ်တွင် tag တွဲပြီး ဆဲဆိုခဲ့ပြီး စစ်တွေမြို့တွင် ရှိနေစဉ် AA ခေါ်ယူခြင်းခံပြီး နောက်ပိုင်း ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ၎င်း၏ facebook လူမှုကွန်ရက် ပေါ်မှ ဆရာဦးဦးလှစောအပေါ် အရက်မူးယစ်သောက်စားမှုကြောင့် စော်ကား မိသည့် အတွက် အလေးအနက် တောင်းပန်ကြောင်း ရေးသားထားမှုကို တွေ့ရသည်။

ရခိုင်အမျိုးသားပါတီမှ ဗဟိုကော်မတီဝင် ဦးခိုင်ကျော်မိုး ဖမ်းဆီးခံရသည့်ဆိုသည့် သတင်းများထွက်ပေါ်နေသည့် ကိစ္စနှင့် ပတ် သက်ပြီး ANP ဥက္ကဋ္ဌ ဦးသာထွန်းလှအား ဆက်သွယ်မေးမြန်းခဲ့သော်လည်း အဆိုပါ ကိစ္စအပေါ် ၎င်းအနေဖြင့် မသိရှိသေးကြောင်း တုန့်ပြန်ဖြေကြားသည်။

ဦးခိုင်ကျော်မိုးသည် ရခိုင်အမျိုးသားပါတီ၏ CEC အဖွဲ့ဝင်တဦးဖြစ်သလို တချိန်က ရခိုင်ကျောင်းသားလူငယ်များလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူတဦးလည်းဖြစ်ကာ ခေတ်ပညာတတ် လူငယ် တဦးလည်း ဖြစ်ကြောင်း သိရသည်။

ANP နိုင်ငံရေးမူဝါဒရေးရာကော်မတီဝင်တဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း တဦးဖြစ်သူ ဦးဦးလှစောသည် စစ်ကောင်စီက ပြုလုပ်သော ပြည်ထောင်စုနေ့ အခမ်းအနားသို့ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်

(ULA / AA) ကိုယ်စားပြု တက်ရောက်ခြင်းမှာ မိခင်ပါတီပေါ် အသိပေးခြင်း မရှိသလို ပါတီမှ တရားဝင် နုတ်ထွက်ထားမှုလည်း မရှိသည့်အတွက် ၎င်းကိစ္စအပေါ် ဗဟိုကော်မတီ အစည်းအဝေး တရပ်ခေါ်ယူပြီး ဆုံးဖြတ်သွားမည် ဖြစ်ကြောင်းလည်း ပါတီခေါင်းဆောင်များက ဧရာဝတီသို့ ပြောသည်။

ဦးခိုင်ကျော်မိုးကို ဖမ်းဆီးထိန်းသိမ်းခြင်းအတွက် AA သည် ဝေဖန်မှုကို မခံနိုင်ဘဲ ဒီမိုကရေစီမဆန်သော လုပ်ရပ်ကို ကျူးလွန်နေကြောင်း ဝေဖန်မှုများ ရှိနေသည်။ AA သည် ယခင်ကလည်း ၎င်းတို့နှင့် အမြင်ကွဲသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့ဖူးသည်။ နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သည်။

https://burma.irrawaddy.com/news/2022/02/23/250093.html

-----------------------------------------------------------------------------------------------

## NLD နဲ့ SNLD ပါတီ ဖျက်သိမ်းခံရနိုင်တယ်လို့ စစ်ကောင်စီရဲ့ UEC သတိပေး

2022.02.23



ဝမ်းတွင်းမြို့နယ်မှာ NLD ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးနေစဉ်
File Photo - AFP

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီနဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီတို့ကို သတ်မှတ်ချိန်အတွင်း ငွေစာရင်း လာအစစ်မခံရင် ပါတီဖျက်သိမ်းတဲ့အထိ အရေးယူခံရနိုင်တယ်လို့ စစ်ကောင်စီဖွဲ့စည်းထားတဲ့ ရွေးကောက်ပွဲကော်မရှင်က သတိပေးလိုက်ပါတယ်။

အဲဒီ နှစ်ပါတီကို လာရောက်အစစ်ခံဖို့အတွက် ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၈ ရက်နေ့ကတည်းက အကြောင်းကြားထားပေမယ့် လာအစစ်မခံဘဲ ပျက်ကွက်နေတယ်လို့ ဖေဖော်ဝါရီ ၂၃ ရက် ဒီကနေ့မှာ စစ်ကောင်စီကပြောပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီ အထွေထွေ အတွင်းရေးမှူး ဦးစိုင်းလိတ်ကတော့ သူတို့ပါတီ အနေနဲ့ စာရင်းစစ်ခံဖို့ အသင့်ပြင်ထားပြီးဖြစ်ပေမယ့် စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကော်မရှင်က ဆင့်ခေါ်သလို နေပြည်တော်ကိုတော့ သွားအစစ်မခံနိုင်ဘူးလို့ RFA ကို ပြောပါတယ်။

*"ကျနော်တို့ အစစ်ခံဖို့ အားလုံးပြင်ထားပြီးသား၊ ဒါပေမဲ့ စာရင်းစစ်မယ်ဆိုတာ အစစ်ခံရမယ့် အဖွဲ့ အစည်းရှိတဲ့နေရာထိ တာဝန်ရှိသူက လာစစ်ရမှာ၊ တခြားနေရာကို သွားစစ်ခံရမယ်ဆိုတာ ကျနော်တို့ စာရင်းနဲ့ ပတ်သက်လို့ အမှားအယွင်းရှိလား၊ ဒါမှမဟုတ် ကျနော်တို့မှာ အပြစ်တစုံတရာ ရှိလို့လားလို့ ခံယူတယ်၊ ဒါ့ကြောင့် သူတို့ချိန်းတဲ့နေရာ မသွားနိုင်ဘူး"*

စာရင်း စစ်မခံလို့ နိုင်ငံရေးပါတီကို ဖျက်သိမ်းမယ်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်မရှိဘူးလို့လည်း သူက ဆိုပါတယ်။

*"UEC ရဲ့ အဆုံးအဖြတ်သာ အဓိကဆိုရင်လည်း သူတို့ လုပ်ပိုင်ခွင့် အတိုင်းလုပ်၊ ကျနော်တို့ကတော့ ရည်တည်ချက်အတိုင်း ဆက်သွားမယ်၊ အခုအချိန်စာရင်း စစ်တယ်ဆိုတာ နိုင်ငံရေးအရ ကြိုတင်ပြင်ဆင်တာလို့ နားလည်တယ်၊ ၂၀၂၃ မှာ ရွေးကောက်ပွဲ လုပ်မယ်ဆိုပြီး ပြောထားတယ်၊ ဖြစ်မှာ မဖြစ်မှာက တပိုင်းပေါ့၊ တကယ်လို့ ဖြစ်လာရင် ဘယ်ပါတီကို ရွေးကောက်ပွဲ ဝင်ခွင့်ပြုမယ်၊ မပြုဘူးဆိုတာကို ကြိုသုံးသပ်ဖို့လို့ ယူဆတယ်၊ ဒီနေ့ ဒီအချိန်မှာ ငွေစာရင်းဆိုတာ အရေးတကြီး ဆောင်ရွက်ရမယ့် ကိစ္စ မဟုတ်ဘူး"*လို့ ဦးစိုင်းလိတ်ကပြောပါတယ်။



စစ်ကောင်စီက ကျင်းပမယ့် ရွေးကောက်ပွဲကို SNLD ပါတီက ဝင်ရောက်ယှဉ်ပြိုင်ဖို့ မရှိဘူးလို့လည်း ဆိုပါတယ်။

NLD ပါတီနဲ့ SNLD ပါတီဟာ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲအများဆုံးရခဲ့တဲ့ ပါတီကြီးတွေ ဖြစ်ပါတယ်။

NLD ပါတီကလည်း သူတို့ရဲ့ ခေါင်းဆောင်တွေ ဖမ်းခံထားရတာကြောင့် စာရင်းစစ်ခံဖို့ မရှိဘူးလို့RFA ကို ပြောပါတယ်။

NLD ဗဟိုအလုပ်ကော်မတီအဖွဲ့ဝင် ဦးကျော်ထွေးက *"တာဝန်ရှိဆုံး ပုဂ္ဂိုလ်တွေကို ဖမ်းထားပြီး စာရင်းစစ်မယ်ဆိုတာ ဘယ်လိုမှ ယုတ္တိမရှိပါဘူး၊တကယ်စစ်ချင်ရင် ဖမ်းဆီးထိန်းသိမ်းထားတဲ့ ဗဟိုအလုပ်မှုဆောင်တွေ အကုန်လုံးကို ပြန်လွှတ်ပေးဖို့ လိုပါတယ်။ ပါတီရုံးတွေကို ဖောက်ခွဲဖျက်စီးတာ၊ မီးရှို့တာ ၉၁ ကြိမ်လောက်ရှိပါတယ်။ ဒါ့ကြောင့် ပါတီလုပ်ငန်းတွေ ကောင်းကောင်းမလုပ်ရသေးချိန်မှာ စာရင်းစစ်မယ်ဆိုတာ လုံးဝမဖြစ်နိုင်သေးပါဘူး"*လို့ ဆိုပါတယ်။

မတ်လ ၉ ရက်နေ့ကို နောက်ဆုံးထားလာရောက် အစစ်ခံဖို့ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကော်မရှင်က ဆင့်ခေါ်ထားတာဖြစ်ပါတယ်။

ပျက်ကွက်ရင် နိုင်ငံရေးပါတီတွေကို ယာယီရပ်ဆိုင်းတာ၊ ဖျက်သိမ်းတာအထိ အရေးယူနိုင်တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (ဂ)၊ (ဃ)၊ (င) တို့နဲ့ အရေးယူသွားမယ်လို့ ဆိုပါတယ်။

စစ်ကောင်စီရဲ့ UEC ကတော့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရဆိုပြီး နိုင်ငံရေးပါတီတွေရဲ့ ပါတီဝင် အင်အား၊ ပါတီပိုင် ရန်ပုံငွေနဲ့ ပစ္စည်းတွေ စုဆောင်းထားတာ၊ ထိန်းသိမ်းတာ၊ သုံးစွဲတာ၊ ပါတီဆိုင်ရာလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ခြင်း ရှိ၊ မရှိ ဆိုတာတွေကို အခုရက်ပိုင်းမှာ လိုက်လံစစ်ဆေးနေတာပါ။

နိုင်ငံရေးပါတီ ဘယ်နှစ်ခုကို စစ်ဆေးပြီးပြီ ဆိုတာတော့ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

အဲဒီလို ပါတီတွေကို လိုက်လံစစ်ဆေးရာမှာ လက်ရှိ UEC အဖွဲ့ဝင်တွေအပြင် စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနဲ့ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတွေက ဌာနဆိုင်ရာကိုယ်စားလှယ်တွေ ပါဝင်နေပါတယ်။

NLD အစိုးရလက်ထက်က ခန့်အပ်ထားတဲ့ UEC ဥက္ကဋ္ဌ ဦးလှသိန်းနဲ့ အဖွဲ့ဝင်တွေအားလုံးကို စစ်အာဏာသိမ်းချိန်ကတည်းက ဖမ်းဆီးထားပြီး ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိုး ဦးဆောင်တဲ့ UEC အသစ်ကို စစ်ကောင်စီက ပြောင်းလဲ ဖွဲ့စည်းထားပါတယ်။

https://www.rfa.org/burmese/news/nld-snld-junta-uec-election-political-party-02232022094026.html

-----------------------------------------------------------------------------------------------------

## စစ်ကောင်စီ UEC ထံ သွားစစ်ဆေးမခံသည့် SNLD ပါတီ ယာယီရပ်ဆိုင်းနိုင်ချေရှိ

By **SHAN** - February 23, 2022



အာဏာသိမ်း စစ်ကောင်စီလက်အောက်ခံ UEC ထံ သွားရောက် အစစ်ဆေးမခံသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီ ယာယီရပ်ဆိုင်းနိုင်ချေရှိမည်ဟု UEC က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စစ်ကောင်စီ လက်အောက်ခံ UEC ထံ သွားရောက်စစ်ဆေးမခံသည့် ပါတီများအနက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) နှင့် (SNLD)ကို ယာယီရပ်ဆိုင်းနိုင်ချေရှိသည် ဟု SNLD မှ ပြောရေးဆိုခွင့်ရှိသူ စိုင်းလိတ်က သျှမ်းသံတော်ဆင့်ကို ပြောသည်။

“ကျနော်တို့ နည်းတူပဲ သူတို့နေရာကို သွားပြီးအစစ်ဆေးမခံတဲ့ တခြားပါတီတွေလည်း လေး၊ငါး၊ ခြောက်ခုထက် မနည်း ရှိနေမှာပါ။ ကျနော်သိသလောက်ဆိုရင်ပေါ့၊ အဲ့ပါတီတွေကိုကျတော့ ပါတီဖျက်သိမ်းခံရနိုင်ဖွယ် ရှိတယ် ဘာညာ ဘာတစ်ခုမှ မထုတ်ပြန်ဘဲနဲ့ ကျနော်တို့ ပါတီနဲ့ NLD ပါတီ နှစ်ခုတည်းကိုပဲ သူတို့က ရည်ညွှန်းပြီး ထုတ်ပြန်တာ” ဟု စိုင်းလိတ်က ပြောသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် UEC အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးခြင်းသည် လုပ်ထုံးလုပ်နည်းများ ဖြစ်နေသည့်အတွက် SNLD အနေဖြင့် ကော်မရှင်ရုံးကို သွားရောက် စစ်ဆေးမခံနိုင်ကြောင်း၊ ကော်မရှင်အနေဖြင့် SNLD ပါတီရုံးကို လာရောက် မစစ်ခြင်းတာဖြစ်ကြောင်း စိုင်းလိတ်က ပြောဆိုလိုက်သည်။

“လုပ်ငန်းသဘောသဘာဝ အရတော့ UEC နိုင်ငံရေးပါတီကို စစ်ဆေးရမယ်ဆိုတာက လုပ်ထုံးလုပ်နည်း အရ မှန်တယ်။ သူတို့ဆီ သွားအစစ်ဆေးခံပါဆိုတာမျိုးက ပါတီအနေနဲ့ အပြစ် တစုံတရာ ကျူးလွန်ထားတဲ့ အနေအထားဖြစ်နေလို့ ။ ကျနော်တို့က ဘာအပြစ်မှ ကျူးလွန်ထားတာလည်း မရှိတဲ့ အတွက်ကြောင့် စစ်ဆေးစရာရှိတာကို ရုံးချုပ်ရှိရာကို လာရောက်စစ်ဆေးပါ။ ကျနော်တို့ကသွားပြီး အစစ်မခံနိုင်ဘူး” ဟု စိုင်းလိတ်က ပြောသည်။

လာမည့် ၂ ပတ်အတွင်း ပါတီစာရင်းများကို အစစ်ဆေးခံရန် စစ်ကောင်စီ လက်အောက်ခံ UEC သည် NLD နှင့် SNLD ပါတီ အပါအဝင် နိုင်ငံရေးပါတီ လေးခုကို ယနေ့ (ဖေဖော်ဝါရီ ၂၃) ရက်စွဲဖြင့် သတိပေးစာပေးပို့လိုက်သည်။

ထိုသတိပေးစာထဲတွင် ပါတီစာရင်းများ လာရောက် အစစ်ဆေးမခံပါက မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၄ (ဂ)၊ (ဃ)၊ (င) တို့ဖြင့် အရေးယူခံရမည်ဖြစ်ပြီး ပါတီလည်း သုံးနှစ် ယာယီရပ်ဆိုင်းနိုင်ကြောင်း ထည့်သွင်းရေးသားထားသည်။

ယင်းကဲ့သို့ အကြောင်းကြားလာခြင်းနှင့် ပတ်သက်ပြီး SNLD ပါတီ အနေဖြင့် ပါတီ၏ရပ်တည်ချက်အတိုင်းသာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ပြီး အကျိုးဆက်များက UEC ပေါ်မှာသာ မူတည်ကြောင်း စိုင်းလိတ်က ပြောသည်။

"ပါတီဖျက်သိမ်းဖို့ ဖြစ်နိုင်လား မဖြစ်နိုင်လားဆိုတာ UEC ပေါ်မှာ မူတည်ပါတယ်၊ ကျနော်တို့က ကျနော်တို့ ရပ်တည်ချက်အတိုင်းပဲ ရပ်တည်သွားမှာပါ" ဟု စိုင်းလိတ်က ပြောသည်။

SNLD ပါတီသည် သျှမ်းပြည်တွင် ဒုတိယ မဲအများဆုံး အနိုင်ရရှိသည့် ပါတီဖြစ်ပြီး အာဏာရှင်ခေတ်တိုင်းတွင် ပါတီခေါင်းဆောင်များ ဖမ်းခံရသည်အထိ ခက်ခဲစွာ ရပ်တည်ရသည့် ပါတီလည်း ဖြစ်သည်။

သျှမ်းပြည်တွင် ဝင်ပြိုင်သည့် ရွေးကောက်ပွဲများတွင် အပြတ်အသတ် အနိုင်ရလေ့ရှိသည့် ပါတီဖြစ်ပြီး မဲမသမာမှုကို အကြောင်းပြပြီး အာဏာသိမ်းယူသည့် ယခုစစ်ကောင်စီ လက်ထက်တွင်လည်း ပထမဆုံး ခြိမ်းခြောက်စာပို့ခြင်းခံရကြောင်း သိရသည်။

https://burmese.shannews.org/archives/27114

---------------------------------------------------------------------------------------------

## မြန်မာမပါသော Cobra Gold စစ်ရေးလေ့ကျင့်မှု ထိုင်းတွင် စတင်

By ဧရာဝတီ | 23 February 2022

မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံတွင် အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ သြစတြေးလျနိုင်ငံတို့မှ တပ်ဖွဲ့များ ပြုလုပ်သည့် Cobra Gold ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို လေ့လာသူအဖြစ် တက်ရောက်ခွင့်မရသည်မှာ နှစ် နှစ်ဆက်တိုက်ရှိပြီဖြစ်သည်။

ထိုစစ်ရေးလေ့ကျင့်မှုသည် မတ်လ ၅ ရက်နေ့အထိကြာမည်ဖြစ်ပြီး ထိုင်းစစ်သား ၂၀၀၀ ခန့်နှင့် အမေရိကန် စစ်သား ၁၂၀၀ ခန့် မြေပြင်နှင့် လူသားချင်းစာနာမှု အကူအညီပေးရေး စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်မည် ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ပြင်ပကမ္ဘာသို့ မြန်မာ တံခါးပွင့်လာပြီးနောက် ထိုနှစ်စဉ်စစ်ရေးလေ့ကျင့်မှုကို လေ့လာရန် မြန်မာနိုင်ငံကို နှစ်အတန်ကြာ ဖိတ်ခေါ်ခဲ့သည်။ သို့သော် မြန်မာစစ်တပ်သည် မည်သည့် အခါကမျှ ပြုပြင် ပြောင်းလဲရေး လုပ်ဆောင်ခြင်းမရှိသောကြောင့် ထိုသို့ ဖိတ်ခေါ်ခြင်းသည် အငြင်းပွားဖွယ် ဖြစ်ခဲ့သည်။ ထိုနောက် ၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်က ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ မွတ်ဆလင်များကို ဖိနှိပ်မှုသည် ကမ္ဘာကို တုန်လှုပ်စေသောအခါ ထို အငြင်းပွားမှုသည် ပိုမို ပြင်းထန်လာသည်။ ထိုနှစ်တွင်း ထိုင်းနိုင်ငံက မြန်မာတပ်ကို စစ်ဆင်ရေးသို့ ဖိတ်ခေါ်လိုက်သောကြောင့် ဝေဖန်မှုအများအပြားကို ဖြစ်စေသည်။ အမေရိကန်အစိုးရကလည်း ထိုဖိနှိပ်မှုသည် လူမျိုးစုသုတ်သင်မှုဖြစ်ကြောင်း ဖော်ပြသောကြောင့် အမေရိကန်ပြည်ထောင်စုတွင်လည်း ဝေဖန်မှုများ ဖြစ်စေသည်။



၂၀၂၀ ခုနှစ် Cobra Gold စစ်ဆင်ရေးလေ့ကျင့်နေစဉ်/ AFP

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရွေးကောက်ခံအစိုးရကို ဖြုတ်ချပြီးနောက် စစ်ကောင်စီသည် ပဋိပက္ခ ဖြစ်ပွားနေသော တနိုင်ငံလုံးတွင် ရက်စက်ကြမ်းကြုတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နေသောကြောင့် အနောက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏

ပြစ်တင်ဝေဖန်မှုများကိုလည်း ဖြစ်ပွား စေသည်။ အမေရိကန် ပြည်ထောင်စုက စစ်ခေါင်းဆောင်များ၊ မိသားစုဝင်များ၊ စစ်အုပ်စုနှင့် နီးကပ်သော ဆက်ဆံရေးရှိသည့် လုပ်ငန်းရှင်ကြီးများအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်သည်။ စစ်တပ်သည်ရွေးကောက်ခံ အရပ်သားအစိုးရကို ဖြုတ်ချပြီးနောက် အစိုးရခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများကို ဖမ်းဆီးထားသည်။

၁၉၈၂ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့သော Cobra Gold စစ်ဆင်ရေးသည် ကမ္ဘာ့သက်တမ်းအရှည်ဆုံး နိုင်ငံစုံ စစ်ရေးလေ့ကျင့်မှုဖြစ်ပြီး တရုတ်နှင့် ပိုမိုအားပြိုင်လာချိန်တွင် အမေရိကန်အတွက် အာရှတွင် မဟာမိတ်ဖွဲ့ရန် စင်မြင့်အဖြစ်မြင်ကြသည်။

ယခုနှစ် စစ်ရေးလေ့ကျင့်မှုတွင် ထုံးစံအတိုင်း ကျည်အစစ်များ၊ ကုန်းရေ နှစ်သွယ်သွားယာဉ်များ ကမ်းတက်ခြင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးသည့် စစ်ဆင်ရေးများ ပါဝင်မည်မဟုတ်ပေ။ အလားတူစွာပင် စစ်ရေးလေ့ကျင့်မှုကို အမည်တွင်စေသည့် မြွေဟောက်သွေးသောက်ခြင်း အစဉ်အလာကိုလည်း ပြုလုပ်မည်မဟုတ်ကြောင်း ဘန်ကောက်ပို့စ် သတင်းစာ၏ အဆိုအရ သိရသည်။



၂၀၁၉ ခုနှစ် Cobra Gold စစ်ဆင်ရေးဖွင့်ပွဲ

ယခင်က Cobra Gold စစ်ဆင်ရေးကို လေ့လာသူဖြစ်သော မြန်မာကို ဒုတိယနှစ်အဖြစ် ဆက်လက် ဖယ်ထုတ်ထားခြင်းသည် မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က စစ်အာဏာသိမ်းမှု ကြောင့်ဖြစ်ပေါ်သည့် အကျပ်အတည်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ထိုင်းကာကွယ်ရေး ဝန်ကြီးဌာန ပြောခွင့်ရသူ ဗိုလ်ချုပ်ကြီး ကောင်ချိ တန်တရာဗန်နစ်က ပြောသည်။

တချိန်တည်းတွင် အထီးကျန် စစ်ကောင်စီက မြန်မာစစ်သင်္ဘောဆင်ဖြူရှင်ကို အိန္ဒိယ သမုဒ္ဒရာသို့ စေလွှတ်ပြီး အိန္ဒိယဦးဆောင်သည့် နိုင်ငံစုံ ရေတပ် စစ်ရေးလေ့ကျင့်မှု (MILAN-2022) တွင် ပါဝင်စေမည်ဖြစ်ကြောင်း ကြေညာသည်။ ထိုစစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၄ ရက်နေ့အထိ ကျင်းပမည် ဖြစ်သည်။

အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နှင့် ဆေးရှဲလ် စသည့်နိုင်ငံပေါင်း ၁၆ နိုင်ငံမှ စစ်သင်္ဘော ၂၄ စီး ထိုစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်မည်ဖြစ်ကြောင်း စစ်ကောင်စီသတင်းစာက ဆိုသည်။

အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်တို့သည် မြန်မာစစ်အာဏာသိမ်းမှုကို ရှုတ်ချသည်။

https://burma.irrawaddy.com/news/2022/02/23/250100.html

------------------------------------------------------------------------------------------------------------

## စစ်ကောင်စီကို ငွေမချေးဖို့ အာဆီယံကို Justice for Myanmar တိုက်တွန်း

2022.02.23



ဘရူနိုင်းနိုင်ငံက အာဆီယံအစည်းအဝေး လက်ခံကျင်းပစဉ်။ File Photo - AFP

အာဏာသိမ်းစစ်ကောင်စီကို ငွေချေးနေတာတွေ ချက်ချင်းရပ်တန့်ကြဖို့ အာဆီယံနိုင်ငံတွေကို Justice for Myanmar

အဖွဲ့ကတိုက်တွန်းတောင်းဆို လိုက်ပါတယ်။

ထိုင်းနဲ့ ဘရူနိုင်းနိုင်ငံတွေဟာ စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုတွေကနေ တဆင့် အာဏာသိမ်းစစ်ကောင်စီရဲ့ ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ ပါဝင်ပတ်သက်နေတယ်လို့ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ထုတ်ကြေညာချက်ထဲမှာ Justice for Myanmar က ပြောဆိုထားပါတယ်။

အာဆီယံနိုင်ငံတွေ အနေနဲ့ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာပြဌာန်းချက်တွေကို လိုက်နာဖို့ လိုပြီး စစ်ကောင်စီရဲ့ စီးပွားရေးလုပ်ငန်းတွေကို အခွန်ငွေမပေးဖို့၊ ငွေကြေးထောက်ပံ့တာတွေကို မဖြစ်မနေ ရပ်တန့်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေ ရပ်သိမ်းဖို့ တောင်းဆိုချက်ထဲမှာ ပါပါတယ်။

ဒ့ါအပြင် အာဆီယံနဲ့ ဒေသတွင်းနိုင်ငံတွေအနေနဲ့ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုဖို့၊ စစ်ကောင်စီကိုယ်စားလှယ်တွေကို အာဆီယံထိပ်သီး ညီလာခံနဲ့ ဆက်စပ်အစည်းအဝေးတွေ မဖိတ်ဖို့လည်း ပြောဆိုထားပါတယ်။

အာဆီယံနဲ့ မိတ်ဖက်တွေဖြစ်တဲ့ သြစတေးလျ၊ ဂျပန်၊ တောင်ကိုးရီးယား၊ ယူကေ၊ ကနေဒါ၊ ဥရောပသမဂ္ဂအပါအဝင် တခြားနိုင်ငံတွေကလည်း အာဆီယံအစိုးရတွေကို ဖိအားပေးဖို့ Justice for Myanmar က တောင်းဆိုပါတယ်။

Justice For Myanmar အဖွဲ့ဟာ မြန်မာပြည်သူတွေ တရားမျှတမှုနဲ့ တာဝန်ခံမှု ရရှိစေဖို့ လှုပ်ရှားနေတဲ့ အဖွဲ့တစ်ဖွဲ့ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/justice-for-myanmar-urges-asean-not-to-lend-money-to-junta-02232022055917.html

-----------------------------------------------------------------------------------------------

## မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ (အီးယူ) အထူးသံတမန်ခန့်အပ်

Published By DVB | 23 February, 2022



မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ(အီးယူ)ရဲ့ အထူးသံတမန်အဖြစ် လက်ရှိ အာဆီယံဆိုင်ရာဥရောပသမဂ္ဂ သံအမတ်ကြီး အီဂေါ ဒရီးစ်မန်ကို ဖေဖော်ဝါရီ ၂၂ ရက်မှာ ခန့်အပ်တာဝန်ပေးလိုက်ပါတယ်။

ခုလိုခန့်အပ်လိုက်တာဟာ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ ပြန်လည်ထွန်းကား ရေးအတွက် အာဆီယံနဲ့ ကုလသမဂ္ဂရဲ့ ကြိုးပမ်းအားထုတ်ချက်တွေအပေါ် ဥရောပသမဂ္ဂက ထောက်ခံအားပေးချက်နဲ့အညီဖြစ်တယ်လို့ ဆိုပါတယ်။

အခုလို အီးယူအထူးသံတမန်ခန့်အပ်လိုက်တဲ့ ဒီကြေညာချက်အပေါ် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နဲ့ ဒိန်းမတ်သံရုံးတွေကလည်း အားပေး ဂုဏ်ပြုကြိုဆိုကြောင်း အသီးသီး ထုတ်ပြန်ထားပါတယ်။

အထူးသံတမန်ရဲ့ တာဝန်ဖြစ်တဲ့ ၂၀၂၁ ခုနှစ် ဧပြီမှာ အာဆီယံသဘောတူညီထားတဲ့ အချက် ၅ ချက်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်နိုင်ဖို့ အာဏာသိမ်းစစ်အစိုးရမှ မွေးဖွားလာတဲ့ အကျပ်အတည်းအတွက် အဖြေရှာနိုင်စေမယ့် အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေး ဆွေးနွေးမှုတခုဖြစ်လာဖို့လည်း ပြင်သစ်နိုင်ငံက ထောက်ခံမှု အပြည့်အဝပေးတယ်လို့ ဆိုပါတယ်။

ဥရောပသမဂ္ဂ(အီးယူ)ဟာ အာဏာသိမ်း စစ်ခေါင်းဆောင်တွေကို ဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့ အတူ မြန်မာကို ဘဏ္ဍာရေးအရ အကူအညီပေးတာတွေကိုလည်း ရပ်ဆိုင်းထားတာ ဖြစ်ကာ ဖေဖော်ဝါရီ ၂၁ ရက်ကလည်း

အာဏာသိမ်းစစ်အုပ်စုနဲ့ ဆက်နွှယ်တဲ့ ပုဂ္ဂိုလ် ၂၂ ယောက်နဲ့ ဆက်စပ်ကုမ္ပဏီလုပ်ငန်း ၄ ခုတို့ အပေါ် ဒဏ်ခတ်အရေးယူမှုအသစ်တွေ ချမှတ်ထားပါတယ်။

https://burmese.dvb.no/archives/518666

----------------------------------------------------------------------------------------------------

## ICJ အမှု မြန်မာစစ်ကောင်စီကိုယ်စားလှယ်ဦးကိုကိုလှိုင်နဲ့ VOA မေးမြန်းမှု

23 ဖေဖော်ဝါရီ၊ 2022



မြန်မာနိုင်ငံအပေါ် ICJ အပြည်ပြည်ဆိုင်ရာတရားရုံးမှာ ဂမ်ဘီယာဘက်က တရားစွဲခွင့်မရှိဘူးလို့ စစ်ကောင်စီ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က တနင်္လာနေ့က ထပ်ကန့်ကွက်ခဲ့ပါတယ်။ အရင် ၂၀၁၉ က ICJ ခုံရုံးချေပချက်မှာလည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့က အလားတူ ချေပခဲ့ဖူးတာကြောင့် ဒီတခေါက်ချေပချက်မှာ ဘယ်လို ထူးခြားမှုရှိနေပြီး ဘယ်လိုဆုံးဖြတ်လာနိုင်ပါလဲ။

စစ်ကောင်စီ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးဝန်ကြီး ဦးကိုကိုလှိုင်ကို ကိုဝင်းမင်းက မေးမြန်းထားပါတယ်။

ဥပဒေကြောင်းအရ ဒီအမှုကို ICJ က စီရင်ပိုင်ခွင့်မရှိဘူး။ ဒါမှမဟုတ် လက်ခံကြားနာမှု မပြုနိုင်ဘူးဆိုတဲ့ အချက်တွေနဲ့ မြန်မာဘက်ကနေ ကနဦး ကန့်ကွက်လွှာတင်သွင်းခဲ့တာဖြစ်ပါတယ်။ ကျနော်တို့ဘက်က အချက်လေးချက်ကို အခြေခံပြီးတော့မှ ကန့်ကွက်လွှာ လေးရပ်တင်သွင်းထားပါတယ်။ အကျဉ်းချုပ်အားဖြင့်ဆိုရင်တော့ ဂမ်ဘီယာက ဒီအမှုကိုသူ့သဘောနဲ့သူစွဲချက်တင်တာမဟုတ်ဘဲနဲ့ OIC ကိုယ်စား၊ OIC ရဲ့ခိုင်းစေမှု၊ OIC ရဲ့ထောက်ပံ့မှုတွေနဲ့စွဲတင်ခဲ့တာဖြစ်ပါတယ်။ OIC ကိုယ်တိုင်က နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပြီးတော့မှ Genocide Convention စာချုပ်ဝင်နိုင်ငံတခုမဟုတ်တဲ့အတွက် တရားစွဲပိုင်ခွင့်မရှိဘူး။ ဂမ်ဘီယာဟာ မြန်မာနိုင်ငံနဲ့အလှမ်းကွာဝေးပြီး ဘာမှမပတ်သက်တဲ့အပြင် ဒီကိစ္စမှာထိခိုက်နစ်နာသူလည်းမဟုတ်တဲ့အတွက် တရားရုံးကို စွဲဆိုတင်ပို့နိုင်တဲ့အနေအထား Standing လည်းမရှိဘူး။ မြန်မာနိုင်ငံက Genocide Convention မှာပါဝင်ဖို့ လက်မှတ်ထိုးတုန်းက Article 8 (အပိုဒ် ၈) ကို ခြွင်းချက်ပြု ချန်လှပ် ထားခဲ့တဲ့အတွက် အမှုနဲ့မသက်ဆိုင်တဲ့ တတိယနိုင်ငံတခုက မြန်မာနိုင်ငံရဲ့ ပိုင်နက်နယ်မြေထဲကကိစ္စတခုကို အများအကျိုးအလို့ငှာဆိုပြီးတော့မှ တရားစွဲဆို တင်ပို့နိုင်မှုမရှိဘူး။ ဂမ်ဘီယာနဲ့မြန်မာကြားမှာလည်းပဲ အမှုဖြစ်၊ စွဲတင်ရလောက်တဲ့ဥပဒေကြောင်းဆိုင်ရာအငြင်းပွါးမှု Legal Dispute လည်း ဘာမှမရှိခဲ့ဘူးဆိုတဲ့ အချက်တွေဖြစ်ပါတယ်။

မေး။ ။ ဟုတ်ကဲ့။ ပြီးခဲ့တဲ့အခေါက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ချေပခဲ့တဲ့လမ်းကြောင်းနဲ့ အခု ဦးကိုကိုလှိုင်တို့အဓိကချေပခဲ့တာက ထူးထူးခြားခြားကွဲလွဲချက်တွေ ရှိနေလား။

ဖြေ။ ။ ဘယ်လိုကွဲလွဲသလဲဆိုတော့ ပြီးခဲ့တဲ့အစိုးရက မြန်မာနိုင်ငံအပေါ်မှာ ကြားဖြတ်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ Provincial Measures တွေ မချမှတ်သင့်ကြောင်း ဦးတိုက်လျှောက်လဲခဲ့တာဖြစ်ပြီးတော့ အဲဒီလျှောက်လဲချက်ကတော့ အရေးနိမ့်ခဲ့ပါတယ်။ ဒါပေမယ့် ဒီဘက်ခေတ်မှာ နိုင်ငံအစိုးရချင်း ဆက်ခံမှုဆိုင်ရာ နိုင်ငံတကာဥပဒေ Law of the State Succession အရ ဒီအမှုကိုလည်းပဲ ကောင်းမွေ၊ ဆိုးမွေ ဆက်ခံရတဲ့အခါမှာ ဥပဒေကြောင်းအရ ဒီအမှုကို နိုင်ငံတကာတရားရုံးက စီရင်ပိုင်ခွင့်နဲ့ အမှုလက်ခံနိုင်မှုမရှိဘူးဆိုတဲ့ ကနဦးကန့်ကွက်ချက်တင်သွင်းမှုလမ်းကြောင်းကနေပြီးတော့မှ ထပ်ပြီးတော့မှ ခုခံကာကွယ်နေတာဖြစ်ပါတယ်။

မေး။ ။ ဟုတ်ကဲ့၊ နောက် နိုင်ငံတကာဥပဒေပညာရှင်ကြီး William Schabas နုတ်ထွက်သွားတာက အခု ဦးကိုကိုလှိုင်တို့ Defense Team ခုခံချေပတဲ့အဖွဲ့မှာ ဘယ်လို သက်ရောက်မှုရှိလာနိုင်မလဲ၊ နောက်ပြီး နောက်ထပ်ငှါးရမ်းထားတဲ့ ဥပဒေပညာရှင်ရဲ့အကြောင်းလေးပါ နည်းနည်းထည့်ပြောပြပါလား။

ဖြေ။ ။ ဟုတ်ကဲ့။ ပရောfဖက်ဆာ Schabas နုတ်ထွက်သွားပေမယ့်လည်း ကျန်တဲ့နိုင်ငံတကာရှေ့နေတွေနဲ့ နောက်ထပ်ရှေ့နေတွေ ထပ်မံဖြည့်တင်းပြီးတော့မှ လုပ်ကိုင်နေပါတယ်။ အခုငှားရမ်းထားတဲ့ရှေ့နေတွေကလည်း နိုင်ငံတကာဥပဒေပါရဂူဘွဲ့ရတွေဖြစ်ပြီးတော့မှ အမှုလိုက်တဲ့အတွေ့အကြုံရင့်ကျက်ရုံသာမက နိုင်ငံတကာဥပဒေတွေနဲ့ပတ်သက်ပြီးတော့မှ တက္ကသိုလ်တွေမှာ သင်ကြားပို့ချနေတဲ့ပါမောက္ခတွေ၊ စာအုပ်တွေရေးသားထုတ်ဝေနေတဲ့ ပညာရှင်တွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ အားကိုးအားထားပြုနိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေဖြစ်ကြပါတယ်။

မေး။ ။ နောက်တခုက မြန်မာပြည်အရေးနဲ့ အခု ရိုဟင်ဂျာ ရခိုင်မွတ်ဆလင်တွေအပေါ် Genocide လူမျိုးတုံး သတ်ဖြတ်မှု စွပ်စွဲချက်တွေအတွက် ICJ မှာရင်ဆိုင်နေရတာမှာ ဘယ်လိုရလာဒ်မျိုးကို မျှော်လင့်ပြီး ကြိုးစားနေတာပါလဲ။

ဖြေ။ ။ ကျနော်တို့ဘက်ကတော့ အကောင်းဆုံးကိုမျှော်လင့်ထားတာပါပဲ။ မျှော်လင့်သလို အကောင်းဆုံးဖြစ်မလာရင်လည်းပဲ ဘာပဲဖြစ်ဖြစ်၊ ဖြစ်လာသမျှ စိန်ခေါ်မှုတွေကို နိုင်ငံနဲ့ပြည်သူအကျိုးအတွက် အကောင်းဆုံးရင်ဆိုင်သွားနိုင်ဖို့ပဲ ကြိုးစားသွားမှာဖြစ်ပါတယ်။

မေး။ ။ ဟုတ်ကဲ့၊ ဦးကိုကိုလှိုင်။ အဲ့ဒီတော့ ခုံရုံးဘက်ကရော ဘယ်လိုဆုံးဖြတ်လာနိုင်ခြေရှိတယ်လို့ သုံးသပ်ထားလဲ။

ဖြေ။ ။ တရားရုံးအနေနဲ့ ဒီကနဦးကန့်ကွက်ချက်ကို လက်ခံတယ်ဆိုရင်တော့ အမှုအဖြစ် ဆက်သွားစရာမလိုဘူးပေ့ါ။ ကျနော်တို့ရဲ့ကန့်ကွက်ချက်ကို လက်မခံဘူးဆိုရင်တော့ တရားရုံးကအမှုကို စီရင်ပိုင်ခွင့်ရှိတယ်ဆိုတဲ့သဘောပဲဖြစ်ပါလိမ့်မယ်။

မေး။ ။ ဟုတ်ကဲ့၊ ဦးကိုကိုလှိုင်၊ နောက်ဆုံး ခုံရုံးဘက်ကနေ ဆုံးဖြတ်လာမယ့်အပေါ်မှာရော လိုက်နာဖို့ အနေအထား ဘယ်လိုရှိလဲ။

ဖြေ။ ။ ကျနော်တို့ မြန်မာနိုင်ငံအနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွါးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့တာဝန်ရှိတဲ့အလျှောက် ဥပဒေကြောင်းအရလည်းပဲ တရားဥပဒေမျက်နှာစာကနေပြီးတော့မှ အစွမ်းကုန် ကာကွယ်တွန်းလှန်သွားမှာဖြစ်ပါတယ်။

မေး။ ။ ဟုတ်ကဲ့။ နောက် ရိုဟင်ဂျာ ရခိုင်မွတ်ဆလင်တွေအပေါ် ဖိနှိပ်သတ်ဖြတ်ကျူးလွန်မှုတွေ လုံးဝ မရှိခဲ့ပါဘူးလို့ ယတိပြတ်ငြင်းမယ်ဆိုရင် နိုင်ငံတကာကစုဆောင်းတင်ပြထားတဲ့အချက်တွေကို ကျော်လွန်ချေပနိုင်မယ်လို့ ဦးကိုကိုလှိုင်တို့ ယူဆထားပါလား။

ဖြေ။ ။ အဲဒါတွေကိုပြောရမယ်ဆိုရင်တော့ တော်တော်လေးလည်းများပါတယ်။ ဒါပေမယ့်လည်း အပြောမတတ်လို့ရှိရင်လည်း Contempt of Court (တရားရုံးမထီမဲ့မြင်မှု) နဲ့သွားပြီးတော့ ငြိနိုင်တာမို့လို့ ဒီအချက်ကိုတော့ မဖြေပါရစေနဲ့လို့ပဲ ပြောချင်ပါတယ်။

ဟုတ်ကဲ့ ကျေးဇူးအများကြီးတင်ပါတယ် ဦးကိုကိုလှိုင်ခင်ဗျာ။

https://burmese.voanews.com/a/myanmaricj-myanmargenocide-rohingya-voaburmese-ဦးကိုကိုလိႈင-္0ိုဟင္ဂ်ာ-အုိင္စီေဂ်-မြတ္ဆလင-္-လူမ်ိဳးတုံးသတ-္ျဖတ-္-ဗီြအိုေအ/6454214.html

---